ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (12-1-2012) (၇၀၀၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၁

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပြည်ထောင်စု နယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

ဤသို့ ကျင်းပနိုင်ရန် ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည့်အတွက် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် ယခုအစည်းအဝေးတွင် ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရန် ဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍

အမှာစကား ပြောကြား

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

ရှေးဟောင်းစေတီတော်များအား ပြုပြင်တည်ဆောက်ရာတွင် ဘာသာရေးထုံးတမ်းစဉ်လာများနှင့် အညီဖြစ်စေရေး အလေးထားဆောင်ရွက်

ပြည်တွင်းသတင်း စာမျက်နှာ ၃

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာအခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်တွင်းသတင်း စာမျက်နှာ ၇

ကားဟောင်းအစားထိုး ပြည်ပမှ တင်သွင်းလာသောယာဉ်များ ယာယီနံပါတ်သက်တမ်း ၂၁ ရက်အတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရမည်

ပြည်တွင်းသတင်း စာမျက်နှာ ၇

ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့်

၁၂-၁-၂၀၁၂[ကြာသပတေးနေ့]။

လက်လှမ်းလို့ မမှီတမီ

မြန်မာနိုင်ငံတွင် ယခင်က ဆင်းရဲနွမ်းပါးမှု ၃၄ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုဖြင့် ယခုအခါ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ ဆင်းရဲခြင်းလျှော့နည်းရေးအတွက် ရည်မှန်းချက်ကာလတွင် ၁၆ ရာခိုင်နှုန်းသို့လျှော့ချနိုင်ရန် အပြင်းအထန်ကြိုးပမ်းလျက်ရှိသည်ကို ကြားသိရသည်။ ဆင်းရဲမှုလျှော့ချရေးတွင် ကနဦးလိုအပ်ချက်တစ်ရပ်မှာ မတည်ရင်းနှီးငွေဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများမှာ အရင်းအနှီးမရှိ၍ ဆင်းရဲ၊ ဆင်းရဲ၍ အရင်းအနှီးမရှိဖြင့် ဆင်းရဲသံသရာတွင် လည်နေကြရသူများဖြစ်သည်။

ဆင်းရဲမှုပြဿနာကို ကနဦးကုစားနိုင်ရန်မှာ အစိုးရတစ်ရပ်တည်းက ကုစား၍မလုံလောက်သဖြင့် ဘဏ်လုပ်ငန်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပါဝင်ဆောင်ရွက်လာကြရသည်။ ၎င်းတို့အဖွဲ့များ၏ ရွေးချယ်ရာဒေသများတွင် ဆောင်ရွက်ကြသည်။ နိုင်ငံတော်မှ တာဝန်ရှိသူများကလည်း ကွင်းဆင်းဆောင်ရွက်ကြသည်။ သို့သော် မြန်မာနိုင်ငံ၏ ဒေသအားလုံးသို့ မရောက်ရှိနိုင်။ ဆင်းရဲမှုက မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လူဦးရေဖြစ်သည့် ကျေးလက်များမှာ ပျံ့နှံ့နေသလောက် အသေးစားချေးငွေကမူ လက်လှမ်းလို့ မမှီတမီ ဖြစ်ရသည်။ အဖွဲ့များသည် ကိုယ့်နည်း၊ ကိုယ့်ဟန်ဖြင့် ဆောင်ရွက်ကြရသောကြောင့် ကွက်တိကွက်ကျား ဖြစ်ရသည်။

ယခုမူ အကွက်စေ့ ပိုမိုပီပြင်စွာဆောင်ရွက်နိုင်ရန် ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းဖွဲ့စည်းဆောင်ရွက်သွားမည်ဟု ကြားသိရရာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ မကြာသေးမီက ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် လက်တွေ့နှင့်ဆောင်ရွက်ချက် တစ်သားတည်းဖြစ်ရန် ကျေးလက်သို့ ကွင်းဆင်း၍ ပြည်သူတို့၏လိုအပ်ချက်ကို ထင်သာမြင်သာ ဖလှယ်နိုင်ခဲ့သည်။ ပြည်သူ့ကိုယ်စားလှယ်များမှာ ဒေသအနှံ့တွင်ရှိ၍ ပြည်သူတို့၏လိုအပ်ချက်များကို အကောင်းဆုံးပေးစွမ်းနိုင်သူများသာဖြစ်သည်။

အခြေခံလူတန်းစားများအတွက် အသေးစားချေးငွေလုပ်ငန်းမှ ငွေကြေးမှာ အဓိကကျသဖြင့် ငွေကြေးစနစ်ကောင်းမွန်ရန်အတွက် ဆောင်ရွက်ရဦးမည်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏အကူအညီကိုလည်း များစွာလိုသည်။ တစ်ယောက်အားနှင့်ယူသော် မရ၊ တစ်သောင်းအားနှင့်ယူသော် ရ၏ဆိုသကဲ့သို့ အများညီညွတ်လျှင် အရာရာပြီးမြောက်အောင်မြင်နိုင်ပေရာ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုပြဿနာ လျော့နည်းပပျောက်သွားမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုဟုဆိုရာတွင် ကျေးလက်မှ စိုက်ပျိုးကုန်ထုတ်လုပ်သူများမှာ အများစုဖြစ်သည်။ သွားလာရခက်ခဲသောအရပ်တွင် အသက်မွေးဝမ်းကျောင်းပြုရသဖြင့် အလှမ်းဝေးလှသည်။ ထိုသူများမှာ စီးပွားဖြစ်စိုက်ပျိုးသူများထက် ပရိယေသနဝမ်းစာအတွက် ရှာဖွေစားသောက်ရသူက များသည်။ ရာသီဥတုကြောင့်သော်လည်းကောင်း၊ သီးနှံဖျက်ပိုးကြောင့် သော်လည်းကောင်း၊ အရင်းအနှီးမရှိ၍ သော်လည်းကောင်း၊ အခြားအကြောင်းကြောင်းများကြောင့် သော်လည်းကောင်း သေချာသည်နှင့်ရေရာသည်ကို မစိုက်နိုင်ဘဲ ဆင်းရဲမွဲတေကြရသည်။ ထိုအရပ် ထိုဒေသများသို့ တာဝန်ရှိသူများရော၊ စေတနာရှင်များပါ သွားရောက်ကုစားသင့်သည်။

သို့ဖြစ်ရာ အခြေခံလူတန်းစားများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးမှုပါဝင်သည့် လုပ်ငန်းစဉ်(၈)ရပ်အပြင် လက်လှမ်းမမီ ဝေးလံသောဒေသများမှ ဝင်ငွေနည်းလူတန်းစားများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသအုပ်ချုပ်သူများက ဝိုင်းဝန်းကူညီဖေးမဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲမှုလွတ်ကင်းစေမည့်ရည်မှန်းချက်သို့ ဆောလျင်စွာရောက်ရှိမည်ဖြစ်ပါသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ပြင်သစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ နီကိုလပ်စ်ဆာကိုဇီက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူအားလုံးတို့အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံ၌ မကြာသေးမီကာလအတွင်း မြင်တွေ့ခဲ့ရသည့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ လွတ်လပ်ပွင့်လင်းမှုများ၊ တွေ့ဆုံဆွေးနွေးမှုများနှင့် ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်၍ ရည်ရွယ်ရာလမ်းကြောင်းအတိုင်း မယိမ်းမယိုင် ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် မိမိတိုက်တွန်းအားပေးပါကြောင်း ပြင်သစ်သမ္မတနိုင်ငံသမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

— — — — —

စပိန်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ စပိန်နိုင်ငံ ဘုရင်မင်းမြတ် ပထမမြောက် ဟွမ်ကားလို့စ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ စပိန်ပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာပြည်သူအပေါင်း ငြိမ်းချမ်းသာယာဝပြောစေရေးအတွက်လည်းကောင်း၊ အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းရေးအတွက်လည်းကောင်း မိမိဆုမွန်တောင်းပါကြောင်း စပိန်နိုင်ငံဘုရင်မင်းမြတ်၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

— — — — —

ဟန်ဂေရီနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ပါးလ်ရှမစ်တ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဟန်ဂေရီပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုများသည် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးစီးပွားကို အခြေခံသည့် ဆက်ဆံရေးတို့အတွက် အခြေခံကောင်းများ ဖြစ်လာလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဟန်ဂေရီနိုင်ငံသမ္မတ၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

— — — — —

ပိုလန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘရွန်နစ်လော ကိုမိုရိုစကီးက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပိုလန်ပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ခေတ်မီဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံရေးနှင့် လူမှုရေးအင်အားစုများအားလုံး ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သဟဇာတဖြစ်စွာ ပူးပေါင်းဆောင်ရွက်မည့်ကာလသို့ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် ရောက်ရှိလိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း။

အနာဂတ်ကာလ၌ မိမိတို့နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုခိုင်မာလာစေရန် မိမိဆန္ဒရှိပါကြောင်း၊ အဆွေတော် သမ္မတကြီး၏ နိုင်ငံ့အကျိုးသယ်ပိုးမှုများ ဆက်လက်အောင်မြင်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန် မိမိဆုမွန်တောင်းပါကြောင်း ပိုလန်သမ္မတနိုင်ငံ သမ္မတ၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

— — — — —

ဘယ်လာရုစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန်းဒါးလူကာရှင်ကိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဘယ်လာရုစ်သမ္မတနိုင်ငံပြည်သူများနှင့် အစိုးရတို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဘယ်လာရုစ်နှင့်မြန်မာပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် အနာဂတ်ကာလ၌ ပိုမိုဖွံ့ဖြိုးခိုင်မာလိမ့်မည်ဟု မိမိယုံကြည်ကြောင်း။

နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေးအတွက် အစီအစဉ်သစ်များ ဆွေးနွေးချမှတ်နိုင်ရန် အဆွေတော်သမ္မတကြီး၏ ဘယ်လာရုစ်နိုင်ငံခရီးစဉ်ကို မိမိမျှော်လင့်ထားပါကြောင်း။

မြန်မာပြည်သူအပေါင်းငြိမ်းချမ်းသာယာဝပြော၍ အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန် မိမိဆုမွန်တောင်းပါကြောင်း ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

— — — — —

အဇာဘိုင်ဂျန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အဇာဘိုင်ဂျန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အီလ်ဟမ် အာလီယေ့ဗ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မြန်မာပြည်သူအပေါင်းနှင့် အဆွေတော်သမ္မတကြီးတို့အတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ အဇာဘိုင်ဂျန်နှင့် မြန်မာနိုင်ငံတို့အကြားဆက်ဆံရေး ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မိမိယုံကြည်ကြောင်း။

မြန်မာပြည်သူအပေါင်း ငြိမ်းချမ်းသာယာဝပြော၍ အဆွေတော်သမ္မတကြီး၏ နိုင်ငံ့အကျိုးသယ်ပိုးမှုများ အောင်မြင်စေရန် မိမိဆုမွန်တောင်းပါကြောင်း အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ၏သဝဏ်လွှာ၌ ဖော်ပြထားသည်။

မြို့ပြအင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြို့ပြအင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိUMFCCI, Office Tower ၌ ကျင်းပမည်ဖြစ်ရာ ဝင်ကြေး ပေးဆောင်ရန်မလိုဘဲ တက်ရောက်ဆွေးနွေးနိုင်သည်။

တက်ရောက်ဆွေးနွေးမည့်သူများသည် ဖုန်း-၀၁-၆၅၂၈၃၁၊ ၀၁-၆၅၁၁၆၅ (လိုင်းခွဲ -၂၃၂၂)၊ ၀၁-၂၃၀၀၇၃၆၊ ၀၉-၅၀၀၈၇၅၂၊ ၀၉-၄၃၁၄၀၃၇၀ တို့သို့ ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး မိမိ၏ Register နံပါတ်များကို ဇန်နဝါရီ ၂၀ ရက်တွင် ဆက်သွယ်၍ တောင်းယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၁၄၉	၀. ၀၃၁၅၃
တရုတ် (ယွမ်)	၆. ၃၁၄၇၀	၀. ၁၅၈၃၆
အိန္ဒိယ (ရူပီး)	၅၁. ၈၉၅၀	၀. ၀၁၉၂၇
မလေးရှား (ရင်းဂစ်)	၃. ၁၄၇၀၀	၀. ၃၁၇၇၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၃၀၈	၀. ၇၇၃၃၅
ဂျပန် (ယန်း)	၇၆. ၉၃၉၈	၀. ၀၁၃၀၀
တောင်ကိုရီးယား(ဝမ်)	၁၁၆၀. ၆၉	၀. ၀၀၀၈၆
ယူရို	၀. ၇၈၆၉၀	၁. ၂၇၀၈၁
ဗြိတိသျှ (ပေါင်)	၀. ၆၄၉၅၉	၁. ၅၃၉၄၄

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၃၀ ၅။ ချစ်သူစုံတွဲတူယှဉ်ခွဲ
၄း၄၀ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၇။ မွေးမြူသုတ
၅း၀၀ ၈။ ကြိုတင်တားဆီးရန်သူမီး
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၄)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၁၅)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ လှုပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၉)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ရှေးဟောင်းစေတီတော်များအား ပြုပြင်တည်ဆောက်ရာတွင် ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက် စေတီတော်များပြုပြင်တည်ဆောက်ပြီးစီးပါက ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ၍ စုပေါင်းရေစက်ချမင်္ဂလာပြုလုပ်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ရောက်ရှိပြီး ဝိနည်းမိုရ်ဘုရားစုရှိ ဘုရားအမှတ် (၆၅၉)၌ နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ နံရံဆေးရေးပန်းချီများ ရေးဆွဲထားသော စေတီတော်အတွင်း နံရံများပဲ့ကျပျက်စီးမှုမရှိစေရန် အနားသတ် ကြားသိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စေတီတော်ကြံ့ခိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းနှင့် အတွင်းနံရံများ ပဲ့ကျပျက်စီးမှုမရှိစေရန် အနားသတ်ကြားသိပ်လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည့် ဘုရားအမှတ် (၅၇၇)ကိုလည်းကောင်း၊ အနားသတ် ကြားသိပ်လုပ်ငန်းဆောင်ရွက်ပြီးစီး၍ နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဘုရားသုံးဆူစေတီတော်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပုဂံဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နံရံဆေးရေးပန်းချီများ မွမ်းမံထိန်းသိမ်းရမည့် စေတီတော်များအား မွမ်းမံထိန်းသိမ်းနေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)နှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နံရံဆေးရေးပန်းချီများ ထပ်မံပျက်စီးမှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာတန်ဖိုးများ လျော့နည်းပျက်စီးမှု မရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်၊ စေတီတော်များအတွင်း မိုးရေယိုစိမ့်မှုမရှိစေရေး၊ ငှက်များနှင့်လင်းနို့များ မဝင်ရောက်နိုင်ရေး၊ အလင်းရောင်ကောင်းစွာရရှိရေးနှင့် စေတီတော်များပေါ်တွင် ပေါက်ရောက်နေသည့် ချုံနွယ်ပေါင်းပင်များ ရှင်းလင်းရေးတို့ကို စီမံချက်ချမှတ်ဆောင်ရွက်ရန်၊ ပုဂံရှေးဟောင်းနယ်မြေရှိ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းရမည့် စေတီတော် ၄၀၀ ကျော်တွင်ရှိသည့် နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကာလတိုအတွင်း လုပ်ငန်းများပြီးစီးရေးအတွက် ဌာနမှပညာရှင်များက လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ဆင့်ပွားဖွင့်လှစ်ကာ ယင်းသင်တန်းသားများဖြင့် အဖွဲ့ခွဲများ များစွာဖွဲ့စည်း၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဘုရားအမှတ်(၂၁၄၂) ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းစေတီတော်များအား ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် အလှူရှင်များ စိတ်ကျေနပ်မှုရှိစေရေး၊ ရှေးဟောင်းလက်ရာမပျက်ပြုပြင်ထိန်းသိမ်းပြီး ပိုမိုခိုင်ခံ့စေရေး၊ နိုင်ငံတကာ သတ်မှတ်စံနှုန်းများနှင့်လည်း ကိုက်ညီပြီး မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီ ဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းစေတီပုထိုး ၆၃ ဆူအား စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ပြန်လည်ပြုပြင် တည်ဆောက်နေသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပြီး စေတီတော်များ ပြုပြင်တည်ဆောက်ပြီးစီးပါက တစ်ချိန်တည်း တစ်ပြိုင်တည်း ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ၍ စေတနာရှင်များ၊ ပြည်သူများ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် စုပေါင်းရေစက်ချ မင်္ဂလာအခမ်းအနားကို ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ်(၂၁၄၂) ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူ အရာရှိများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးမေးမြန်းပြီး ပုဂံဒေသသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ရှေးဟောင်းအမွေအနှစ်များ စုဝေးတည်ရှိရာ အချက်အချာဒေသဖြစ်ပြီး သမိုင်းတင်ရမည့် ရှေးဟောင်း အမွေအနှစ် အားလုံးနီးပါးသည် ပုဂံဒေသတွင်တည်ရှိကြောင်း၊ ထို့ကြောင့် ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျ ကာကွယ်ထိန်းသိမ်းမြှင့်တင်ရန်အတွက် Master Plan ရေးဆွဲဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယင်းသို့ရေးဆွဲရာတွင် စေတီတော်များ၏ Structure ပိုင်း ကြံ့ခိုင်မှုထိန်းသိမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် အဆင့်များသတ်မှတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းမည့် လုပ်ငန်းစဉ်များရေးဆွဲခြင်း၊ မြေအောက်တွင် နစ်မြုပ်နေသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများကိုလည်း ဆက်လက်တူးဖော်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲခြင်းတို့ကို လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းရေးဆွဲရေး၊ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ငန်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းပြီး ကာလတိုအတွင်း ပြီးစီးအောင် စီမံချက်ချမှတ်ဆောင်ရွက်ရေး၊ နံရံဆေးရေးပန်းချီများကို Digitalize ဖြင့်ထိန်းသိမ်းမှုအပြင် ပုံနှိပ်မှတ်တမ်းဖြင့်လည်း မှတ်တမ်းတင် ထိန်းသိမ်းနိုင်ရန်အတွက် စီမံဆောင်ရွက်ရေး၊ ရှေးဟောင်းဘုရားပုထိုးများကြံ့ခိုင်ရေး၊ သဘာဝဘေးဒဏ်မှကာကွယ်ထိန်းသိမ်းနိုင်ရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့်ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ပညာရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အနော်ရထာမင်းနန်းတော်ရာ တူးဖော်ထားမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး နန်းတော်ရာအား ရှေးဟောင်းသုတေသနပညာရှင်များ၊ ပြည်တွင်းပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာရာတွင် အဆင်ပြေချောမွေ့စွာလေ့လာနိုင်အောင် ခင်းကျင်းပြသမှုများကို ဆွဲဆောင်မှုရှိပြီး သက်သောင့်သက်သာရှိမှုတို့ဖြင့် ပေါင်းစပ်ကာ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ် ကျေး မှု ဝန်ကြီး ဌာန ပြည် ထောင် စု ဝန် ကြီး ဦးကျော်ဆန်း အ နော် ရ ထာ မင်း နန်းတော်ရာ တူးဖော်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေး ကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန် သတိပေးချက်

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို တိပ်ခွေတွင်ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ (၃၂)အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေ လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးများ ကပ်ထားရန် သို့မဟုတ် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် သတိပေးအပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၊ ဗီဒီယိုဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ နမော. . . နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ အတီးပြိုင်ပွဲ
၈:၃၅ ၉။ "နင်းကြည့်စမ်းပါ"
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀ ၄။ အဆိုပြိုင်ပွဲ
၄:၄၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅:၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၈။ "သုံးပင်နှစ်ဆယ်"
၅:၄၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ "နှလုံးသားမှချစ်ပန်းချီ" (ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်) (ဒုတိယတွဲ) (အပိုင်း-၃၄)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၄)
၂၁။ အစီအစဉ်ပြီး၏။

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အမှတ် (၃၇/၄၁) လမ်း(၅၀)အောက် အသင်းတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် B.Com, B.Act, B.B.A ဘွဲ့ရများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

အီရန်သင်္ဘောသားများကို အမေရိကန်ရေတပ်က သီတင်းတစ်ပတ်အတွင်း ဒုတိယအကြိမ်ကယ်တင်ခဲ့

တီဟီရန် ဇန်နဝါရီ ၁၁

အမေရိကန်ရေတပ်ဖွဲ့ကို ဟော်မုဇ်ရေလက်ကြားမှ ဝေးဝေးနေရန် အီရန်နိုင်ငံက သတိပေးခြိမ်းခြောက်ထားလင့်ကစား သီတင်းတစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် အမေရိကန်ရေတပ်က အီရန်သင်္ဘောသားများကို ပင်လယ်ကွေ့ရေပြင်အတွင်း၌ ကယ်တင်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၀ရက်နေ့ နံနက်စောစောပိုင်းတွင် အီရတ်ကမ်းခြေမှ မိုင် ၅၀ ခန့်အကွာ၌ အင်ဂျင်ပျက်သွားသည့် အီရန်ကုန်သင်္ဘော "ယာဟတ်စန်"မှ ပစ်လွှတ်လိုက်သော အချက်ပြမီးကို အမေရိကန်ကမ်းခြေစောင့်သင်္ဘော "မိုနိုမွိုင်"က တုံ့ပြန်ခဲ့သည်။

"မိုနိုမွိုင်"သည် သင်္ဘောငယ်တစ်စင်းကိုစေလွှတ်၍ အီရန်သင်္ဘောသားခြောက်ဦးကို ကယ်တင်ခဲ့သည်။ ၎င်းတို့အနက်တစ်ဦးသည် အင်ဂျင်စက်ခန်းမှ မီးလောင်ဒဏ်ရာများ ရရှိထားသဖြင့် ကုသပေးလျက်ရှိကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဂျော့လစ်တဲလ်က ပြောကြားသည်။

အဆိုပါအီရန်နိုင်ငံသားများကို သောက်ရေ၊ စောင်များနှင့် စားသောက်ဖွယ်ရာများဖြင့် စောင့်ရှောက်ကျွေးမွေးပြီး အီရန်ကမ်းခြေစောင့်တပ် "နာဂျီ-၇"သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရေတပ်ဖွဲ့မှ သတင်းထုတ်ပြန်ရာတွင် အီရန်သင်္ဘောပိုင်ရှင်ဟာကင်ဟာမစ်အဝီက အမေရိကန်ကမ်းခြေစောင့် ကယ်ဆယ်ရေးအဖွဲ့သာ အကူအညီမပေးခဲ့လျှင် ၎င်း၏သင်္ဘောသားများ သေဆုံးဖွယ်ရာရှိကြောင်း၊ ထို့ကြောင့် ကျေးဇူးတင်ပါကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့သို့ ပြောကြားခဲ့သည်။

နာဂျီ-၇သင်္ဘောမှ ရေယာဉ်မှူးကလည်း ဤသို့ ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ကမ်းရိုးတန်းမှ မိုင် ၅၀ အကွာ၌ အင်ဂျင်စက်ပျက်သွားခဲ့သော အီရန်ကုန်တင်သင်္ဘော ယာဟတ်စန်။

ဟေတီပြောင်းရွှေ့လုပ်သား ၄၀၀၀ ကို အလုပ်လုပ်ခွင့် ထုတ်ပေးမည်ဟု ဘရာဇီးဆုံးဖြတ်

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၁၁

ဘရာဇီးနိုင်ငံ မြောက်ပိုင်းဒေသတွင် နေထိုင်ကြသော အထောက်အထားစာရွက်စာတမ်းများမပါသည့် ဟေတီပြောင်းရွှေ့လုပ်သား ၄၀၀၀ ကို အလုပ်အကိုင်များပေးရန် ဘရာဇီးအစိုးရသည် ဇန်နဝါရီ ၉ ရက်တွင် ဆုံးဖြတ်ချက်ချခဲ့ကြသည်။

ခွင့်ပြုကာလသည် ငါးနှစ်သာဖြစ်ပြီး ယင်းကာလအတွင်း ပြောင်းရွှေ့နေထိုင်သူ ဟေတီနိုင်ငံသားတို့သည် ဘရာဇီးနိုင်ငံတွင် အလုပ်လုပ်နေကြောင်း သို့မဟုတ် အလုပ်ရှာနေကြောင်း အထောက်အထားပြသရမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံသို့ ပီရူး၊ ဘိုလီဗီးယားနှင့် အီကွေဒေါနိုင်ငံတို့ကို ဖြတ်သန်း၍ တရားမဝင် ဝင်ရောက်လာခြင်းကို ဖို့ခွင်းပြီး မြောက်ပိုင်းနယ်စပ်တွင် လုံခြုံရေးအင်အား ထပ်မံဖြည့်တင်းသွားမည်ဖြစ်သည်။ ဘရာဇီးအစိုးရသည် တစ်လလျှင် အလုပ်လုပ်ခွင့်အမိန့်ကိုလည်း ၁၀၀ သာထုတ်ပေးရန် ကန့်သတ်သွားမည် ဖြစ်သည်။ ***ဆင်ဟွာ။***

အိန္ဒိယတွင် ရထားချင်းတိုက်မိ၍ ငါးဦးသေဆုံး

နယူးဒေလီ ဇန်နဝါရီ ၁၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဂျာခန်းပြည်နယ်တွင် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းက ရထားချင်းတိုက်မိရာ လူငါးဦးထက် မနည်းသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်မှ နယူးဒေလီသို့ ဦးတည်ခုတ်မောင်းလာသော ခရီးသည်တင် ရထားသည် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် ဘာဟစ်ဂန်ဂျီခရိုင်အနီး ကာရွှန်ပူရိုတိုဒေသမှ ခုတ်မောင်းလာသော ကုန်ရထားတစ်စင်းနှင့် ပြင်းထန်စွာ တိုက်မိခြင်းဖြစ်သည်။

ရထားနှစ်စင်းတိုက်မိမှုကြောင့် လူငါးဦးပွဲချင်းပြီး သေဆုံးကာ ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် ဆေးရုံသို့ လျင်မြန်စွာ ပို့ဆောင်ပေးလိုက်ရသည်ဟု ဆိုသည်။

ခရီးသည်တင်ရထားတိမ်းမှောက်သဖြင့် တွဲတစ်တွဲအတွင်း ခရီးသည်များပိတ်မိလျက်ရှိရာ ဒေသခံပြည်သူများက ၎င်းတို့အား တွဲအတွင်းမှ ကြိုးစား၍ ကယ်ထုတ်ပေးလိုက်ရကြောင်း ဒေသခံရုပ်မြင်သံကြားချယ်နယ်မှ ထုတ်လွှင့်ပြသသည်။

အဆိုပါရထား မတော်တဆမှုဖြစ်ရပ်ကြောင့် ယင်းဒေသအတွင်း ပြေးဆွဲနေသော ရထားသွားလာမှုများ ကြန့်ကြာနှောင့်နှေးကုန်သည်ဟု သိရသည်။

လွန်ခဲ့သောငါးနှစ်ခန့်က ယင်းကဲ့သို့ ရထားလမ်း မတော်တဆမှုကြောင့် ခရီးသည် ၁၂၂၀ခန့်သေဆုံးခဲ့ရသည်။ အိန္ဒိယရထားလမ်းကွန်ရက်တွင် ပြေးဆွဲနေသော ခရီးသည်တင်ရထားအစင်း ၉၀၀၀ရှိ၍ နေ့စဉ်စီးနင်းနေသော ခရီးသည် ၁၈ သန်းခန့်ရှိသည်။ ***ဆင်ဟွာ။***

အင်အား ၇ ဒသမ ၁ အဆင့်ရှိ ပင်လယ်ရေအောက်ငလျင် ဆူမားတြားကျွန်းထိပ်၌ လှုပ်ခဲ့

ဂျကာတာ ဇန်နဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူမားတြားကျွန်းထိပ်တွင် ဇန်နဝါရီ ၁၁ရက်အစောပိုင်းက ရစ်ချ်တာစကေး ၇ဒသမ ၁ အဆင့်ရှိ ပင်လယ်ရေအောက်ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီရေလှိုင်း ရိုက်ခတ်ဖွယ်အခြေအနေရှိသဖြင့် ကမ်းခြေဒေသနေပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရကြောင်း၊ သို့သော် အပျက်အစီးများနှင့် သေဆုံးသူဦးရေ မသိရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိုးလေဝသနှင့် ဘူမိရူပအေဂျင်စီ၏ ကနဦးထုတ်ပြန်ချက်မှာ အဆိုပါငလျင်သည် ရစ်ချ်တာစကေး ၇ဒသမ ၆အဆင့်ရှိကြောင်း၊ သို့သော် အေဂျင်စီ၏ ပြန်လည်သုံးသပ်ချက်အရ ၇ ဒသမ ၁ အဆင့်ရှိ မြေငလျင်သာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိုးလေဝသဌာနသည် ဆူနာမီရေလှိုင်းသတိပေးချက်ကို ထုတ်ပြန်ခဲ့သော်လည်း အန္တရာယ်မကျရောက်နိုင်သဖြင့် ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစံတော်ချိန် နံနက် ၁နာရီ ၃၆မိနစ် ဇန်နဝါရီ ၁၁ရက်တွင် ပင်လယ်ကြမ်းပြင်အနက် ၁၀ကီလိုမီတာနှင့် အာချေးပြည်နယ် မြူလာဘိုမြို့အနောက်တောင်ဘက် ၃၅၀ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခဲ့ပြီး နာရီဝက်ခန့်အကြာတွင် အင်အား ၅ဒသမ ၄ နှင့် ၅ အဆင့်ရှိ မြေငလျင်ငယ်များ ဆက်လက်လှုပ်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ***ဆင်ဟွာ။***

အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော ခရီးသည်တင်ရထားနှင့် ကုန်ရထားတစ်စင်းတို့ တိုက်မိမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဤသို့ တွေ့မြင်ရစဉ်။

စစ်ဘက်အသုံးအဆောင်များ ပျောက်ဆုံးမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ နီးပါးထိန်းသိမ်းခံရ

ဝါရှင်တန် ဇန်နဝါရီ ၁၁

မှန်ပြောင်းများနှင့် ညသုံးလေဆာကိရိယာများအပါအဝင် အရေးကြီးသော စစ်ရေးအသုံးအဆောင်များ ပျောက်ဆုံးခဲ့ကြောင်း သတင်းထွက်ပေါ်လာပြီးနောက် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် စစ်စခန်းတစ်ခုမှ တပ်ဖွဲ့ဝင် ၁၀၀ နီးပါးအား အရေးယူခဲ့ရကြောင်း ဇန်နဝါရီ ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဝါရှင်တန်ပြည်နယ်အခြေစိုက် တပ်မဟာ ၄ အမှတ် (၂) ခြေလျင်တပ်ခွဲမှ တပ်ဖွဲ့ဝင်များသည် နေ့ပိုင်း၌ အလည်အပတ်ထွက်နိုင်သော်လည်း ညပိုင်း၌ စခန်းတွင်ပြန်လည်အိပ်စက်ကြရကြောင်း စစ်စခန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လီးဝစ်မက်ကော့ဒ်အမည်ရှိ ဝါရှင်တန်ပြည်နယ် အခြေစိုက်စစ်စခန်းမှ စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များပျောက်ဆုံးမှုကို သက်ဆိုင်ရာအာဏာပိုင်များက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် စတင်သိရှိခဲ့ရပြီး ပျောက်ဆုံးသွားခဲ့ရသည့် ကာလမည်မျှကြာမြင့်ခဲ့သည်ကို သိရှိရန်ကြိုးပမ်းနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမှတ် (၂) ခြေလျင်တပ်ခွဲမှ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်စစ်မြေပြင်မှ အမိနိုင်ငံသို့ ၂၀၁၀ ခုနှစ် စက်တင်ဘာလက ပြန်လည်ရောက်ရှိခဲ့ကြသည်။

ပျောက်ဆုံးနေသော စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များနှင့်ပတ်သက်၍ သတင်းပေးပို့နိုင်ပါက ဆုငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးရန်အာဏာပိုင်များက ကမ်းလှမ်းထားသော်လည်း ယခုအချိန်ထိ သတင်းအစအန မရသေးပေ။ ***အင်တာနက်။***

ပိုယန်ရေကန်၌ ကျက်စားနေကြသော ငှက်များကို ဝေဟင်မှ အစာရေစာများဖြန့်ချပေးမည်

နန်ချောင် ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံ၏ အကြီးဆုံးရေချိုကန် "ပိုယန်"သည် မိုးအလွန်ခေါင်ခြင်းကြောင့် ရေများလျော့ပါးသွားရာ ဆောင်းရာသီတွင် ယင်းကန်၌ ကျက်စားလျက်ရှိသော ငှက်ကောင်ရေ ၅၀၀၀၀၀ ကျော်ကို ရဟတ်ယာဉ်တစ်စင်းဖြင့် အစာရေစာဖြန့်ဝေကျွေးရန် ပိုယန်ရေကန်အာဏာပိုင်များက စီစဉ်လျက်ရှိသည်။

ကျွေးမွေး

နွေဦးရာသီ ပွဲမရောက်မီ သို့မဟုတ် တရုတ်နှစ်သစ်ကူးပွဲမတိုင်မီ လေကြောင်းမှ ပထမဆုံးအကြိမ် အစာရေစာစတင်ကျွေးမွေးမည်ဖြစ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ဆောင်းရာသီ ကျန်ကာလများတွင် ငှက်များ အစာရေစာတော်မွတ်ခြင်းမရှိနိုင်ကြောင်း ပိုယန် သဘာဝသုတေသီအဖွဲ့မှ အထက်တန်းအရာရှိ ဝူဟောပင်က ပြောကြားသည်။

ရှားပါးကြိုးကြာငှက်များအပါအဝင် ငှက်မျိုးပေါင်း ၅၂ မျိုး ကောင်ရေ ၅၀၀၀၀၀ကျော်သည် ဆောင်းရာသီတွင် "ပိုယန်" ရေချိုကန်သို့ လာရောက်ကျက်စားလေ့ရှိသည်။ ***ဆင်ဟွာ။***

ပါကစ္စတန်တွင် ဗုံးပေါက်ကွဲ ငါးဦးပြင်းထန်စွာဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာမျိုးနွယ်စုများနေထိုင်ရာဒေသရှိ ဂျမ်ရတ်ဒ်အမည်ရှိဈေးအတွင်း ဇန်နဝါရီ ၁၀ရက်က အင်အားပြင်းဗုံးတစ်လုံးပေါက်ကွဲသဖြင့် ၃၅ဦးသေဆုံးပြီးနောက် ဗုံးတစ်လုံးထပ်မံပေါက်ကွဲရာ ငါးဦး ဒဏ်ရာရရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၁ရက် နံနက်စောစောပိုင်းက ခိုင်ဘာမျိုးနွယ်စုဒေသ လန်ဒီကိုတယ်လ်မြို့ ဘာချာခန်းချော့စ်ဒေသတွင် နောက်ထပ်ဗုံးပေါက်ကွဲခြင်းဖြစ်သဖြင့် လူငါးဦး ဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အင်တာနက်။***

ရေခန်းခြောက်စပြုနေသော ပိုယန်ရေကန်နှင့် ငှက်များကို တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Koizumi Toshiaki ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များဖြစ်သော မုန်တိုင်းတိုက်ခတ်မှုကြောင့် လေပြင်းကျရောက်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် ရုတ်တရက်ရေကြီးခြင်း စသည်တို့ကို ထောက်လှမ်းနိုင်ရန်နှင့် ကြိုတင်သတိပေးချက်များကို ပြည်သူများအား တိတိကျကျ သတင်းထုတ်ပြန်ပေးနိုင်ရေးအတွက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် မုန်တိုင်းပြရေဒါခြောက်လုံးကို ကွန်ရက်စနစ် လျှုဒါန်းတပ်ဆင်နိုင်ရေးကိစ္စ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို လက်တွေ့တိုင်းတာစစ်ဆေးရန် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် ကိုယ်စားလှယ်အဖွဲ့စေလွှတ်မည့်ကိစ္စနှင့် ၁၉၈၇ ခုနှစ်မှစ၍ ဂျပန်နိုင်ငံချေးငွေအကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းမှာ လုပ်ငန်းများမပြီးပြတ်သေးမီ ရပ်ဆိုင်းခဲ့ရာ စာချုပ်ချုပ်ပြီးသည့် ချေးငွေပမာဏလက်ကျန်မှာ အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့် ရှိသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခရီးသည်အဆောက်အအုံ အဆင့်မြှင့်တင်ရေးအတွက် ဆက်လက်အကူအညီပေးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Koizumi Toshiaki နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း (၆၄)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

(၆၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဝင်များ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းသား၊ သင်တန်းသူများ၊ တိုင်းရင်းသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ (၆၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ လူထုမနောပွဲတော်တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည့် ဦးလခရိလအောင်က ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ (၆၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ လူထုမနောပွဲတော်တွင် နာယကအဖြစ်ဆောင်ရွက်ခဲ့သည့် တိုင်းမှူး ဗိုလ်ချုပ်ဇေယျာအောင်နှင့် ဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော တပ်နယ်မှူး ဗိုလ်မှူးချုပ်စိုးဝင်းတို့အား ဂါရဝပြုလက်ဆောင်အဖြစ် ကချင်ရိုးရာပလိုင်း (မဂွမ်းလစ်)ကို ပေးအပ်သည်။

ထို့နောက် MCC အသင်းတော်မှ ဘုန်းတော်ကြီး အာဖြဟံဇော်ခေါင်က ဆုတောင်းပေးပြီး (၆၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် ဘီအီးဒီပညာရေးဖောင်ဒေးရှင်း ပညာသင်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၁

ဉာဏ်ရည်မြင့်မားသော်လည်း ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီမျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ ၃၀ အား ဘွဲ့ရရှိသည်အထိ ပညာသင်ဆုချီးမြှင့်ပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက်က ရန်ကုန်ပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဦးပြည်သိမ်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးအေးကြိုင်တို့က အမှာစကား ပြောကြားကြပြီး ပညာသင်ဆုရကျောင်းသား၊ ကျောင်းသူများအား ဒုတိယပါမောက္ခချုပ် ဦးပြည်သိမ်း**(ယာပုံ)**က ဆုများချီးမြှင့်သည်။

ဘီအီးဒီစနစ်သစ် (၁၉၆၈ မှ ၁၉၈၀ ပြည့်နှစ်ထိ) ပညာရေးဘွဲ့ရများ ဖွဲ့စည်းထားသည့် ဘီအီးဒီပညာရေးဖောင်ဒေးရှင်းသည် နှစ်စဉ်မျိုးဆက်သစ် ဘီအီးဒီ ၃၀ အား ဘွဲ့ရသည်အထိ တစ်ဦးလျှင် ကျပ်နှစ်သောင်းစီ လစဉ်ချီးမြှင့်သွားမည်ဖြစ်ပါ၍ အောက်မြန်မာနိုင်ငံ ဘီအီးဒီဘွဲ့ရများ ထည့်ဝင်ငွေကျပ် သိန်း ၂၀၀ ကို ကမ္ဘောဇဘဏ်၌ စာရင်းဖွင့်အပ်နှံထားပြီးဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၁၁

မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း အသိပညာပေးသရုပ်ပြပွဲကို ဇန်နဝါရီ ၆ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များဈေး၌ကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်မှ ဌာနမှူး(စီမံ) ဒေါက်တာတင်ဝမ်း၊ ဈေးကော်မတီအတွင်းရေးမှူး ဦးချစ်ဆန်း (မော်ကွန်းထိန်း အဆင့်(၁) စိုက်ပျိုးရေးတက္ကသိုလ်)၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူရကျော်၊ ဈေးကြီးကြပ်ရေးမှူး ဦးဝင်းမြင့်၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ရပ်မိရပ်ဖများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးကို အသိပညာပေး သရုပ်ပြသကြသည်။ **(အောက်ပုံ)**

(မြို့နယ်မီးသတ်)

စမ်းသပ်လုပ်ကိုင်ခွင့်ရ ကိုယ်ပိုင်ကျောင်း မန္တလေးတိုင်းဒေသကြီး၌ ကိုးကျောင်းဖွင့်မည်

မန္တလေး ဇန်နဝါရီ ၁၁

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ကိုယ်ပိုင်ကျောင်း ဥပဒေပြဋ္ဌာန်းပြီးနောက် မြန်မာတစ်နိုင်ငံလုံးတွင် ကိုယ်ပိုင်ကျောင်း ၂၁ ကျောင်း စမ်းသပ်လုပ်ကိုင်ခွင့်ရခဲ့ရာ အောက်မြန်မာပြည်တွင် ၁၁ ကျောင်း ဖွင့်လှစ်ခွင့်ရခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ကိုးကျောင်းဖွင့်လှစ်ခွင့် ရရှိခဲ့သည်။ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်း သင်ကြားပေးမည်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းများတွင် သင်ကြားမည့် ဆရာများသည်လည်း ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် တက္ကသိုလ်များမှ ဘွဲ့ရဆရာများဖြင့် သင်ကြားရန် ကိုယ်ပိုင်ကျောင်းဥပဒေ၌ ပြဋ္ဌာန်းထားကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ ဦးဝင်းသင်တို့က "ရင်းနှီးမြှုပ်နှံမှုနှင့် အများပိုင်ကုမ္ပဏီများအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၆) လမ်းနေ ဦးမောင်မောင်စိန် (မန်နေဂျင်းဒါရိုက်တာ၊ ဂရိတ်ဝေါ ဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)မှ ငွေသားနှင့် ဆေးဝါးများ ငွေကျပ် ၅၀၆၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

လမ်းညွှန်ကောင်းမှ . . . လမ်းကြောင်းဖြောင့်မည်

ဝါရင့်ဧည့်လမ်းညွှန်တစ်ဦး

နိုင်ငံတော်၏ ပြောင်းလဲလာသော မူဝါဒများနှင့်အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည်လည်း ပြောင်းလဲတိုးတက်လျက်ရှိလေသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အပြည်ပြည်ဆိုင်ရာဝင်ပေါက်မှ ဝင်ရောက်မှု ၃၉၁၁၇၆ ဦး၊ နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်မှု ၄၂၅၁၉၃ ဦး စုစုပေါင်း ၈၁၆၃၆၉ ဦးရှိသဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ ကာလတစ်လျှောက် ပြည်ပဧည့်သည်အများဆုံး ရောက်ရှိသောနှစ် ဖြစ်ပေသည်။ နောင်နှစ်များတွင်လည်း ထပ်မံတိုးတက်မည့် အလားအလာများရှိနေပြီး Pacific Asia Travel Association (PATA) ၏ မှတ်တမ်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၁ ခုနှစ်တွင် တိုးတက်မှုနှုန်း ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ကမ္ဘာတွင် ခရီးသွားလုပ်ငန်း ရုတ်ခြည်းတိုးတက်လာသောနိုင်ငံအဖြစ်လည်း အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော Wonderlust မဂ္ဂဇင်းမှ ဆန်းစစ်ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံခြားသား ဝင်ရောက်မှုမှာ တစ်ရက်လျှင် ပျမ်းမျှ ၁၄၀၀ ခန့်ရှိသဖြင့် ဟိုတယ်များ ပြည့်လျှံသကဲ့သို့ ဧည့်လမ်းညွှန်များလည်း ယခင်နှစ်များနှင့်ယှဉ်လျှင် ပိုမိုအလုပ်များသောနှစ်ဟု ဆိုရပေမည်။

ခရီးသွားလုပ်ငန်း ရုတ်တရက်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယင်းနှင့်ဆက်နွှယ်သော အခက်အခဲပြဿနာများ ကပ်လျက်ရှိလာမည်မှာ ဓမ္မတာဖြစ်သည့်အားလျော်စွာ ဆိုးကျိုးနည်း၍ ကောင်းကျိုးပွားစေသော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အဘက်ဘက်မှ တာဝန်သိသိဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်ဒေသများ တိုးတက်ကောင်းမွန်စေခြင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်ခြင်း၊ ဟိုတယ်ခန်းများ အဆင့်မီတိုးတက်စေခြင်း၊ တိုးချဲ့ခြင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် ပို့ဆောင်ရေးကိစ္စများ လုံလောက်အဆင်ပြေချောမွေ့စေခြင်း စသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောအသင်းများ စနစ်တကျ ဖွဲ့စည်းဖြစ်ပေါ်လာရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ယင်းသို့သော ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းများ ဖွဲ့စည်းမြင့်တင်မှုတွင် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း (Myanmar Tourist Guide Association) သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဧည့်လမ်းညွှန် လိုင်စင်ရရှိခဲ့ပြီးသူ ၇၆၀၀ ကျော်ရှိသော်လည်း လက်ရှိလိုင်စင်အသက်ဝင်နေသူ ၃၀၀၀ ကျော်သာရှိပါသည်။ ၎င်းတို့တွင်မှ ဧည့်လမ်းညွှန် ၁၀၀၀ ကျော်ခန့်သာ ဧည့်လမ်းညွှန်လုပ်ငန်းများအား လုပ်ကိုင်နေကြပြီး အချို့မှာ ဂုဏ်သိက္ခာအတွက် လုပ်ငန်းတစ်ရပ်အဖြစ်သော် လည်းကောင်း၊ အခြားကုမ္ပဏီဝန်ထမ်းအဖြစ်သော် လည်းကောင်း အသွင်ယူလိုင်စင်ကိုင်ဆောင်ထားသူများ ဖြစ်ကြပါသည်။ လက်ရှိ ဧည့်လမ်းညွှန်များအသင်းတွင် အသင်းဝင်ဧည့်လမ်းညွှန် ၉၂၀ ခန့်ရှိပြီး ၇၃၉ ဦးမှာ နှစ်ရက်ကြာ ရက်တိုအထူးမွမ်းမံသင်တန်း တက်ရောက်ပြီးဖြစ်ပါသည်။

ဧည့်လမ်းညွှန်များသည် ပြည်ပဧည့်သည်များ ရောက်ရှိချိန်တွင် ဦးစွာကြိုဆိုတွေ့ဆုံရပြီး ပြန်လည်ထွက်ခွာချိန်အထိ ဧည့်သည်နှင့် အနီးကပ်ဆက်ဆံရသူများဖြစ်သည့်အတွက်လည်း ဧည့်လမ်းညွှန်များကို နိုင်ငံတော်၏ သံတမန်များအဖြစ်ပင် ခိုင်းနှိုင်းတင်စားပြောဆိုလေ့ရှိကြပါသည်။ သို့ဖြစ်ပါ၍ ဧည့်လမ်းညွှန်များ စည်းကမ်းကောင်းမွန်ရေး၊ ဘာသာစကားနှင့် ဗဟုသုတကြွယ်ဝရေးသည် လွန်စွာအရေးကြီးပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဧည့်လမ်းညွှန်သင်တန်းကျောင်းတွင် အမှတ်စဉ်(၁)မှ (၄၀)ထိ သင်တန်းသား ၇၆၀၀ ကျော် မွေးထုတ်ခဲ့ပြီး အခြေခံသင်တန်းများတွင် ဘာသာရပ် ၄၈ မျိုးအား နှစ်လတာကာလပို့ချ၍ တစ်ဦးချင်းအရည်အသွေးကို လူတွေ့စစ်ဆေးမေးမြန်းပြီးမှသာ ဧည့်လမ်းညွှန်လိုင်စင်များကို ထုတ်ပေးခြင်းဖြစ်ပါသည်။

လိုင်စင်ရပြီး ဧည့်လမ်းညွှန်များအနေဖြင့် တစ်ဦးချင်းအရည်အသွေးကို မိမိဝါသနာပါရာ ဘာသာရပ်အလိုက် ဘဝနှင့်ဆန္ဒ ကိုက်ညီစွာ မြင့်မားတိုးတက်စေရေးအတွက် ဆက်လက်ဆည်းပူးရန် တာဝန်ရှိပါသည်။ တစ်ချိန်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းလက်အောက်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်လမ်းညွှန်ဆပ်ကော်မတီကို အဖွဲ့ဝင် ၅၁ ဦးဖြင့် ဖွဲ့စည်းခဲ့ဖူးပါသည်။

ယခုအခါ ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ၂၂-၇-၂၀၁၁ ရက်နေ့တွင် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ယာယီ)ကို အမှုဆောင် ၄၉ ဦးဖြင့် စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသော နိုင်ငံတိုင်းလိုမှာပင် ဧည့်လမ်းညွှန်အသင်းများ ဖွဲ့စည်းထားရှိပြီး ၎င်းအသင်းများအနေဖြင့် လိုင်စင်ရ ဧည့်လမ်းညွှန်များ၏ စည်းကမ်းပိုင်းဆိုင်ရာနှင့် ဖြစ်စဉ်အကြောင်းခြင်းရာကို မပြတ်ထိန်းသိမ်းထားရှိရမြဲဖြစ်ပေသည်။ ယခုအခါတွင်မူ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၏ အကြိမ်ကြိမ်ညှိနှိုင်းပူးပေါင်းရေးသားပြီးမှ တင်ပြသော **‘ဧည့်လမ်းညွှန်များလိုက်နာရန် စည်းကမ်းချက်များစာအုပ်’**(Code Of Ethics For Myanmar Tourist Guide) ကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဧည့်လမ်းညွှန်အားလုံး သိရှိလိုက်နာစေရန် ထုတ်ဝေဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ရက်တိုအထူးမွမ်းမံသင်တန်းတက်ရောက်ပြီးသူ ဧည့်လမ်းညွှန်ဦးရေ ၇၀၀ ကျော်ကိုသာ ဝေငှပေးထားပြီးဖြစ်သော်လည်း ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ဧည့်လမ်းညွှန်တိုင်း မိမိတို့၏သက်တမ်းရှိလိုင်စင်နံပါတ်နှင့်အမည်များ စာရင်းပေး၍ အသင်းရုံး၌ အခမဲ့ထုတ်ယူနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတိုင်းမှာပင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အာရုံစိုက်အလေးထားကြမည်မှာမှန်သော်လည်း ၎င်းတို့အနေဖြင့် ကိုယ်တိုင်လိုက်နာရန်အတွက် စည်းမျဉ်းဥပဒေလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းကြမည်မဟုတ်ပါ။အစိုးရကဏ္ဍသည်သာလျှင် လုပ်ငန်းရှင်များ၏ အကြံဉာဏ်နှင့် ထင်မြင်ချက်များကို လေ့လာသုံးသပ်၍ ဟန်ချက်ညီသော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ဆောင်ရွက်ရသည်ဖြစ်ရာ မြန်မာနိုင်ငံဧည့်လမ်းညွှန်များ၏ အရေးအရာကိစ္စရပ်များတွင်လည်း စနစ်တကျရှိစေရေးအတွက် မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း(ယာယီ)ကို ဖွဲ့စည်းပေးခဲ့ပြီးနောက် ၎င်းအဖွဲ့၏ ညှိနှိုင်းစီစဉ်မှုဖြင့်သာ အများ၏ဆန္ဒဖြင့်ရွေးချယ်သော ဗဟိုအလုပ်အမှုဆောင် ၁၁ ဦးနှင့် ကော်မတီ (၇)ရပ်မှ အလုပ်အမှုဆောင်များပါဝင်သည့် ဧည့်လမ်းညွှန်အသင်း(ယာယီ)ကို ဖွဲ့စည်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင်လည်း မကြာမီကာလ(မေလ)ခန့်တွင် ဧည့်လမ်းညွှန်အများအပြား အားလပ်စုစည်းနိုင်မည့် အချိန်၊ နေရာတို့ကိုရွေးချယ်၍ ဧည့်လမ်းညွှန်များ၏ ရွေးချယ်မှုဖြင့် ခန့်ထားနိုင်မည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များရွေးချယ်ရေး အစည်းအဝေးခေါ်ယူဆောင်ရွက်နိုင်ရန် ခွင့်ပြုမည်ဖြစ်ကြောင်း ၂၃-၈-၂၀၁၁ ရက်နေ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းခန်းမတွင် ပြုလုပ်သော ဧည့်လမ်းညွှန်များလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း၏ သင်းဖွဲ့စည်းမျဉ်းစာမူကြမ်း ရေးသားထားရှိပြီးဖြစ်သည့်အတွက် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်အတည်ပြုပြီးသည့်အခါတွင် ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

စည်းစနစ်ကျနသော အဖွဲ့အစည်းတိုင်းတွင် တူညီဝတ်စုံ(Uniform) သတ်မှတ်ထားရှိရမြဲဖြစ်ရာ ဧည့်လမ်းညွှန်များလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက လျာထားသတ်မှတ်ထားသည့် ဝတ်စုံအမျိုးအစားများနှင့် ဝတ်ဆင်သင့်သည့် ဝတ်စုံ/အချိန်/နေရာတို့ကို ယာယီဖွဲ့စည်းထားသော ဧည့်လမ်းညွှန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အများစု၏ သဘောထားရယူ၍ သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း မိန့်ကြားခဲ့ပြီးလည်းဖြစ်ပါသည်။ ထို့အပြင် ဧည့်လမ်းညွှန်များလိုက်နာရန် စည်းကမ်းချက်စာအုပ် ဝတ်စားဆင်ယင်မှုဆိုင်ရာ ဖော်ပြချက်တွင်လည်း “ဝန်ကြီးဌာန၏ အဆိုပြုချက်အပေါ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့(CEC) ၏ တညီတညွတ်သတ်မှတ်ထားသော တူညီဝတ်စုံကို ဝန်ကြီးဌာနသို့ လာရောက်ခြင်း၊ ရုံးတက်ခြင်း၊ တာဝန်ရှိသူလူကြီးများနှင့် တွေ့ဆုံခြင်းများတွင် လည်းကောင်း၊ International Flight Arrival ကြိုဆိုသောနေ့တွင် လည်းကောင်း၊ International Flight Departure ပို့ဆောင်သောနေ့တွင် လည်းကောင်း၊ ရွှေတိဂုံဘုရားကို ဖူးမြော်ပို့ဆောင်သောနေ့တွင် လည်းကောင်း၊ Station Guide များအတွက် ပထမဆုံး ဧည့်ကြိုသောနေ့တွင် လည်းကောင်း၊ (MTGA) သင်းလုံးကျွတ်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများတွင်လည်းကောင်း၊ အချိန်နှင့် အခြေအနေများပေါ် မူတည်၍ ဝတ်ဆင်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်ကတ်ပြားနှင့် တံဆိပ်ကိုလည်း ထင်ရှားမြင်သာအောင် ချိတ်ဆွဲတပ်ဆင်ပြီး ဧည့်လမ်းညွှန်ခရီးသွားလာမှုမှတ်တမ်းကို ကိုယ်နှင့်မကွာ အမြဲကိုင်ဆောင်ရမည်ဖြစ်ကြောင်း” ဖော်ပြပါရှိပြီးဖြစ်ပါသည်။ ဝန်ကြီးဌာနက စီစဉ်ပေးသော အခမဲ့သွားလာစရိတ်၊ စားသောက်တည်းခိုစရိတ်များဖြင့် တက်ရောက်လာခဲ့သည့် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဧည့်လမ်းညွှန် ၃၆၀ ၏ ထိုအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် ထောက်ခံသော လက်ခုပ်သံများကို ကျွန်မကြားယောင်နေဆဲလည်း ဖြစ်ပါသည်။

ဧည့်လမ်းညွှန်ဆိုင်ရာ ပြဿနာများမှာ နိုင်ငံအများအပြားတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုသို့ ဖြစ်ပေါ်ရခြင်းမှာလည်း ဆွမ်းဆန်တွင် ကြွက်ချေးရောဆိုသကဲ့သို့ လူနည်းစု ဧည့်လမ်းညွှန်အချို့နှင့် တရားမဝင်သော အယောင်ဆောင်ဧည့်လမ်းညွှန်များ (Illegal Guides) ကြောင့်သာ ပြဿနာများ ဖြစ်ပေါ်နေရခြင်းဖြစ်ပါသည်။ ယခုရက်သတ္တပတ်အတွင်း ကျွန်မဖတ်ရှုရသော သတင်းတစ်ပုဒ်အရ ပြည်ပဧည့်လမ်းညွှန်များ၏ Website မှ ကိုယ်ရေးအချက်အလက်များရယူ၍ လိုင်စင်အတုဖြင့် ဝန်ဆောင်မှုပေးခြင်းများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ Hong Kong မှ အဖြစ်အပျက်တစ်ခုဆိုလျှင် အမျိုးသမီးတစ်ဦးသည် သူငယ်ချင်းဖြစ်သူ၏ ဧည့်လမ်းညွှန် car ကို ယူ၍ ဧည့်လမ်းညွှန်အဖြစ် ခေါင်းဆောင်လိုက်ပါပြီး အတင်းအကျပ်ဈေးဝယ်စေမှုကြောင့် နိုင်ငံခြားဧည့်သည်တစ်ဦး သေဆုံးရသည်အထိဖြစ်ခဲ့ရသော အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ ယင်းသို့ အတင်းအကျပ်ဈေးဝယ်စေရန် တိုက်တွန်းခြင်းမှာ ပစ္စည်းရောင်းချသော ဆိုင်ရှင်ထံမှ ကော်မရှင်ဟုပြောဆိုနေကြသော ပွဲစားခရယူလို၍ ဖြစ်သည်။ ဧည့်သည်သေဆုံးရသည့် အကြောင်းရင်းမြစ်ကို ဆိုင်ရာရဲတပ်ဖွဲ့က စုံစမ်းသည့်အခါမှသာ ကာယကံရှင်ဧည့်လမ်းညွှန်အနေဖြင့် ၎င်း၏ ဧည့်လမ်းညွှန်လိုင်စင်အား ပေါ့ဆစွာဖြင့် သူငယ်ချင်းဖြစ်သူအား ငှားရမ်းခဲ့မှုကြောင့် ဧည့်သည်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရလေသည်။ ထိုအယောင်ဆောင်ဧည့်လမ်းညွှန်အား အစစ်ဟု ထင်မှတ်ငှားရမ်းသော ခရီးသွားအေဂျင်စီက ဧည့်လမ်းညွှန်လိုင်စင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းမပြုမိ၍ ယင်းသို့သော ဖြစ်ရပ်ဖြစ်ပွားရကြောင်း ဖော်ပြထားရှိပြီး ဒေသခံပြည်သူလူထုထံမှ တရားမဝင် ဧည့်လမ်းညွှန်များနှင့်ပတ်သက်၍ တိုင်ကြားချက်များ များပြားလာနေကြောင်း သိရှိရပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ကောင်းမွန်သော်လည်း အခြားတစ်ဖက်တွင် တရားမဝင်လုပ်သား များပြားလာစေနိုင်မှုကြောင့် ဂရုပြုဆောင်ရွက်သင့်သည့်ကိစ္စဖြစ်ပေသည်။ ယခုဖြစ်စဉ်မှာလည်း ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ဆက်နွှယ်သော ပြဿနာရပ် အများအပြားကြားမှ ဥပမာတစ်ခုသာလျှင်ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် Smart Card နှင့် ဧည့်လမ်းညွှန်ခရီးသွားလာမှုမှတ်တမ်းစာအုပ် (Tour Guide Passport) များအား သတ်မှတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ ၎င်းဧည့်လမ်းညွှန်ခရီးသွားမှတ်တမ်းစာအုပ်သည် ဧည့်လမ်းညွှန်အနေဖြင့် ခရီးစဉ်တစ်ခုလျှင် စထွက်သည့်နေရာရှိ သက်ဆိုင်ရာကောင်တာ၌ တစ်ကြိမ်သာလျှင် တံဆိပ်တုံးရိုက်နှိပ်ရမည်ဖြစ်ပြီး ခရီးသည်များ၏ နေ့ရက်အလိုက် ရောက်ရှိသည့်နေရာကို သိရှိခြင်းဖြင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ ထိုသို့ စနစ်ကျသော လုပ်ဆောင်မှုများကြောင့် Smart Card ချိတ်ဆွဲထားသည့် မိမိအစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးသော ဧည့်လမ်းညွှန်များ (Freelance Guides) အား ဧည့်သည်များက အလွယ်တကူခွဲခြားနိုင်ပြီး စိတ်ချလုံခြုံစွာဖြင့် ငှားရမ်းလိုမည်ဖြစ်ပါသည်။ ဧည့်လမ်းညွှန်ခရီးသွားလာမှုမှတ်တမ်းစာအုပ် ထားရှိခြင်းဖြင့် တရားမဝင်ဧည့်လမ်းညွှန် (Illegal Guides) များအား ပိုမိုခွဲခြားအရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်သို့လည်း အခွန်ငွေ စနစ်တကျပေးဆောင်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေဆိုင်ရာ အခွန်ထမ်းပြည်သူများရရှိမည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အတိတ်ကာလတွင် အာရှနိုင်ငံများအကြား နောက်ကျကျန်ခဲ့သော်လည်း အနာဂတ်အလားအလာမှာ လွန်စွာကောင်းမွန်လျက်ရှိရာ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပေသည်။ စနစ်ကျသော ခရီးသွားလုပ်ငန်းဖြစ်ပေါ်ရေးအတွက် ဧည့်လမ်းညွှန်တစ်ဦးစီ၏ အရည်အချင်းပြည့်ဝမှုအပြင် စည်းကမ်းလိုက်နာမှုများနှင့် သက်ဆိုင်လျက်ရှိရာ ဧည့်လမ်းညွှန်ဆိုင်ရာ ကျွမ်းကျင်မှုဗဟုသုတများ တိုးမြှင့်ဖြည့်ဆည်းရန်အတွက် သင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် ဆွေးနွေးပွဲများဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဧည့်လမ်းညွှန်အသင်းအဖွဲ့များတွင်လည်း အလားတူဆောင်ရွက်ကြရသည်ဖြစ်ရာ အင်အားခိုင်မာ၍ အရည်အချင်းပြည့်ဝသော ဧည့်လမ်းညွှန်အသင်းတစ်ရပ်အဖြစ် ဖော်ဆောင်နေဆဲကာလတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ယင်းကွက်လပ်အား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်သမိုင်းကြောင်းတစ်လျှောက် သုံးသပ်ကြည့်လျှင် နှစ် ၃၀ ကျော် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့သည့်ကာလအတွင်း ခိုင်မာသည့် အသင်းအဖွဲ့တစ်ရပ်အဖြစ် စုစည်းဆောင်ရွက်ခဲ့ဖူးခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မဖွံ့ဖြိုးသေးသည့်ကာလတွင် ဧည့်လမ်းညွှန်လုပ်ငန်းအနေဖြင့် ခေတ်ကာလအခြေအနေအရ လျော်ညီစွာရပ်တည်နိုင်ခဲ့သော်လည်း တိုးတက်လာမည့် အနာဂတ်ကာလအတွက် ပိုမိုစည်းကမ်းစနစ်ကျသော ဧည့်လမ်းညွှန်အသင်းတစ်ရပ် ဖြစ်ပေါ်လာရေးသည် အဓိကကျလျက်ရှိပါသည်။ စည်းကမ်းကျနသော အသင်းတစ်ရပ်ဖြစ်ပေါ်ရေးမှာ ယင်းအသင်းကို ဦးဆောင်မည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အသွေးပေါ်တွင် များစွာ တည်မှီလျက်ရှိပါသည်။

ကမ္ဘာလှည့်ခရီးသည်များ၏ ယုံကြည်မှုရရှိပြီး လက်ကိုင်ထားခရီးသွားကြသည့် Lonely Planet ခရီးသွားလမ်းညွှန်စာအုပ်ကပင် ၂၀၁၂ ခုနှစ် ကမ္ဘာ့အကောင်းဆုံးခရီးသွားနိုင်ငံ ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကို ဒုတိယအကောင်းဆုံးနိုင်ငံအဖြစ် မကြာမီကပင် ရွေးချယ်ဖော်ပြခဲ့ပေသည်။ မြန်မာနိုင်ငံသို့ တဖွဲဖွဲဝင်ရောက်လာမည့် ကမ္ဘာလှည့်ဧည့်သည်များ အဆင်ပြေလွယ်ကူချောမွေ့စေရန် **နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီ**က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အစီအမံများ ရေးဆွဲဆောင်ရွက်ရာတွင် မကြာမီစတင်နိုင်ရန် ပြင်ဆင်လျက်ရှိသော on line မှ ခွင့်ပြုမည့် E-Visa စနစ်လည်း ပါဝင်ပါသည်။ သို့ဖြစ်၍ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်မှုအပေါ် စနစ်တကျ ရေရှည်တည်တံ့ဖွံ့ဖြိုးမှု (Sustainable Development)ရှိစေရေးအတွက် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အားလုံးက တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အရည်အချင်းပြည့်ဝ၍ စည်းကမ်းရှိသော ဧည့်လမ်းညွှန်များနှင့် စည်းကမ်းမဲ့အယောင်ဆောင်ဧည့်လမ်းညွှန်များ ကွဲပြားအောင် ဆောင်ရွက်နေချိန်တွင် အသင်းသားတိုင်း စိတ်ရှည်တာဝန်ရှိစွာဖြင့် နားလည်ပါဝင်ကူညီပေးပါရန် တိုက်တွန်းအပ်ပေသည်။ ॥

မသန်စွမ်းသူများအတွက် လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

မသန်စွမ်းသူများနှင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ NAING Group of Companies, NAING Group of foundation မှ အလှူငွေကျပ် ၁၀ သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ရွှေမင်းသားဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူများက လက်ခံရရှိကြောင်း သိရသည်။ (ကြေးမုံ)

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၅၈)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ ရက် (ကြာသပတေးနေ့)မှစတင်၍ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော်ကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါ်မိမိတင်၊ မိဘဆရာအသင်းနာယက ဦးအောင်မြင့်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဟန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော်ဆိုင်ရာ သုတေသနစာတမ်းဖတ်ကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေတိဂုံစေတီတော်မြတ်ကြီး နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေတိဂုံစေတီတော် သမိုင်းဆိုင်ရာသိမှတ်ဖွယ်ရာများအကြောင်း သုတေသနစာတမ်းများ ဖတ်ကြားမည်ဖြစ်သည်။

စာတမ်းများ

၎င်းသုတေသနစာတမ်းများကို စာရေးဆရာကြီးများနှင့် သမိုင်းသုတေသီများဖြစ်ကြသည့် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာစိုးလှ၊ ဒေါက်တာကျော်ဝင်းတို့က ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ကြားမှုသည် ရွှေတိဂုံစေတီတော်နှင့်စပ်လျဉ်း၍ ပထမဆုံးအကြိမ် စာတမ်းဖတ်ကြားမှုဖြစ်ကြောင်း သိရသည်။ (စိုးမင်း-သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

နေပြည်တော်　ဇန်နဝါရီ　၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) ဥက္ကဋ္ဌ Mr. Kazuo Furukawa ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) ဥက္ကဋ္ဌ Mr. Kazuo Furukawa ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သင်ကြားရေးအထောက်အကူပြုပစ္စည်း ပဲခူးတက္ကသိုလ်သို့ လှူဒါန်း

ရန်ကုန်　ဇန်နဝါရီ　၁၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတက္ကသိုလ်သို့ သင်ကြားရေးအထောက်အကူပြု ပစ္စည်းလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရုပ်မြင်သံကြားဖမ်းစက်နှင့် ပြစက်နှစ်စုံတို့ကို ပဲခူးတက္ကသိုလ် အင်္ဂလိပ်စာဌာန ဌာနမှူးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးတက္ကသိုလ်အတွက် သင်ကြားရေးအထောက်အကူပစ္စည်း ရုပ်မြင်သံကြားဖမ်းစက်နှင့် ပြစက်နှစ်စုံတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၁၂ (ကြာသပတေးနေ့)

AM & PM
၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ "ကြောင်းကျိုးဆက်သွယ် သံသရာလည်" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၄)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၃၇)**
၈:၅၀ Four FLAVOURS Show (Part-3)
၉:၄၅ Intellectual Talk
၁၀:၂၅ အထက(ပလစ-၂) အမရပူရမြို့
၁၀:၄၀ ကြည်နူးဂါရဝထန်းတောဗောဓိ အထက
၁၁:၀၀ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏အဘိဓမ္မာ စာအောင်ဆုနှင်းသဘင် အခမ်းအနား
၁၁:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၂)**
၁၂:၁၅ စင်ကြယ်သန့်ရှင်းရောဂါကင်း Complete Chemical Solutions
၁၂:၃၀ ဝါးခယ်မ GTI ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲ
၁၂:၅၀ အာကာဝေဟင်ထဲ Yangon Airways စီးပြီးခရီးနှင်မယ်
၁:၀၀ "ကြောင်းကျိုးဆက်သွယ် သံသရာလည်" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ဂီတသရုပ်ပြခန်း
၂:၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရာဇဝင်ထဲကအလန်း"
၃:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၄)**
၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၃၇)**
၄:၅၀ Regent Business Auademy (Fashion Design & Marketing)
၅:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၂)**
၅:၄၅ ဒိုးယိမ်းအကနှင့်နွဲပျော် ပုသိမ်မြို့ရဲ့ကရင်နှစ်သစ်ကူးပွဲတော်
၆:၀၀ MRTV-4 သတင်း
၆:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၅)**
၇:၁၀ Four FLAVOURS Show (Part-4)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Style ရှိမှ Star ဖြစ်မယ်
၉:၁၅ A Journey to Beijing (Part-1)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၃၈)**
၁၀:၂၅ (၂၈)ကြိမ်မြောက် မဟာမဲခေါင် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး ခရီးသွားပြပွဲနှင့် ဓာတ်ပုံပြပွဲ
၁၁:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၃)**
၁၁:၃၀ အနုပညာမိုးကောင်းကင်
၁၁:၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ
၁၂:၁၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁၂:၃၅ Celebrity Profile
၁:၀၅ မြန်မာ့လက်မှုယွန်းအနုပညာ
၁:၃၀ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း
၁:၅၀ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)
၂:၁၀ ရွှေဖြစ်မည့် ရတနာအစစ်. . .
၂:၂၀ "တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
၂:၃၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟောဝန်စခန်းမှာ
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ **ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]**
၄:၁၀ မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၄:၂၀ ကံပေါက်ဒေသမှ လေ့လာစရာများ
၄:၄၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်
၅:၀၀ အစီအစဉ်ပြီး။

ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၁၁

ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့တွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၌ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအတွင်း ဇီဝလုံခြုံမှုကျင့်စဉ်နှင့် သုတေသနကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများကို ပြည်တွင်းပြည်ပ ဆေးပညာရှင်များက ဟောပြောဆွေးနွေးကြပြီး စာတမ်းရှင်များက စာတမ်းပေါင်း ၁၆ စောင်ကို တင်သွင်းဖတ်ကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်ကကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဆုရ မညီမိရဲဆွေအား မိဘဆရာအသင်းနာယက ဒေါ်ခင်သန်းနွဲ့က (သမီးမြို့မ)ဆု ချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

ကားဟောင်းအစားထိုး ပြည်ပမှတင်သွင်းလာသော ယာဉ်များ ယာယီနံပါတ်သက်တမ်း ၂၁ ရက်အတွင်း မှုသေအမှတ်လျှောက်ထားခြင်းလုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ရမည်

ရန်ကုန်　ဇန်နဝါရီ　၁၁

ကားဟောင်းများ အပ်နှံ၍ အစားထိုးရန်အတွက် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအား မှုသေအမှတ်ရရှိအောင်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ယာယီနံပါတ်များ ထုတ်ပေးထားလျက်ရှိပြီး အဆိုပါ ယာယီနံပါတ်သက်တမ်း ၂၁ ရက်အတွင်း မှုသေအမှတ်လျှောက်ထားခြင်း လုပ်ငန်းစဉ်များကို ပြီးစီးအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာသွားခဲ့သည်။

ပြည်ပမှတင်သွင်းလာသော ယာဉ်များ မှုသေအမှတ်မရရှိမီနှင့် မှုသေအမှတ်လျှောက်ထားစဉ်အချိန်တွင် ဆိပ်ကမ်းမှ အရောင်းပြခန်း၊ အရောင်းပြခန်းမှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လုပ်ငန်းလာရောက် ဆောင်ရွက်ချိန် အဆင်ပြေစေရန်အတွက် ယာယီနံပါတ်များကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်မှစတင်၍ ထုတ်ပေးထားလျက်ရှိသည်။ အဆိုပါ ယာယီနံပါတ်သက်တမ်းမှာ ၂၁ ရက်သာဖြစ်သည့်အတွက် အဆိုပါ ယာယီနံပါတ်သက်တမ်းအတွင်း လုပ်ငန်းဆောင်တာများ ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါယာယီနံပါတ်များကို လုပ်ငန်းဆောင်ရွက်ချိန် အဆင်ပြေစေရန် ထုတ်ပေးထားခြင်းဖြစ်ပြီး အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် သွားလာမောင်းနှင်ခြင်းများ ပြုလုပ်ရန်မဟုတ်ကြောင်း သိရသည်။ နံပါတ်မဲ့ယာဉ်များ သွားလာနေခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ပါက ဖြေရှင်းရန်ခက်ခဲမှုများကြောင့် ယာယီနံပါတ်များ ထုတ်ပေးထားခြင်းဖြစ်ပြီး ယာယီအနေဖြင့် သွားလာနေခြင်းများ ဆောင်ရွက်၍ မရကြောင်းသိရသည်။ လုပ်ငန်းဆောင်ရွက်ချိန်အပြင် အခြားအချိန်များတွင်လည်း အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် သွားလာမောင်းနှင်နေမှုများကို ၁၉၆၄ မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ကြောင်း သိရသည်။ နံပါတ်မဲ့ယာဉ်များ၊ ယာယီနံပါတ်သက်တမ်းလွန်ယာဉ်များကို စစ်ဆေးတွေ့ရှိရပါက အရေးယူဆောင်ရွက်သွားမည်ဟု လည်း သိရသည်။

ပြည်ပမှတင်သွင်းလာပြီး မှုသေအမှတ် မရရှိသေးသော ယာဉ်များကို မှုသေအမှတ် မြန်ဆန်လွယ်ကူစွာ အဆင်ပြေရရှိနိုင်ရေးအတွက် ဝန်ထမ်းအင်အားထပ်မံဖြည့်စွက်ထားပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ ရုံးပိတ်ရက်(စနေနေ့)များတွင်ပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။(ဝဝ၁)

ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စခန်းတာဝန်ခံများအား ဇန်နဝါရီ ၃ ရက်က ပဲခူးအော်တိုအိတ်ချိန်းဝင်းအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲ ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာနှင့် တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ တိုင်းဒေသကြီး ဦးစီးမှူးတို့က သရုပ်ပြမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် သီးနှံစိုက်ခင်းများအောင်မြင်လျက်ရှိ

ရေတာရှည်　ဇန်နဝါရီ　၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ဆောင်းရာသီရေနည်းပါးချိန်တွင် ကြက်သွန်နီနှင့် အခြားသောစားဖိုဆောင် သီးနှံစိုက်ခင်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြသည်ကို တွေ့ရှိရသည်။

နယ်ဒေသအသီးသီးတွင် ရေခံမြေခံကောင်းမွန်သော မြေနေရာများ၌ ကြက်သွန်အပြင် ခရမ်းချဉ်၊ ဆလတ်၊ ဂေါ်ဖီ၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာစိုက်ခင်းများမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခုကဲ့သို့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြခြင်းဖြင့် မီးဖိုချောင်စရိတ်အကုန်အကျသက်သာသည့်အပြင် ပိုလျှံသည့် သီးနှံများအား ဈေးကွက်တင်ရောင်းချနိုင်၍ အပိုဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၅၇၈)

စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် အောင်မြစ်ဖြစ်ထွန်းလျက်ရှိသည့် ကြက်သွန်နီစိုက်ခင်းများကို တွေ့ရစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့် ကြည်းတပ်စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ထိုင်းဘုရင့်ကြည်းတပ် ရဟတ်ယာဉ်များဖြင့် ထိုင်းဘုရင့်ကြည်းတပ်စစ်တက္ကသိုလ် (Chulachomklao Royal Military Academy-CRMA) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့်ကြည်းတပ်စစ်တက္ကသိုလ်သို့ ရောက်ရှိလာရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး Lt-General Danai Meechowevt နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်ကြည်းတပ်စစ်တက္ကသိုလ် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ရာမဘုရင်(၅) King Chulachomklao ရုပ်တုတွင် အထိမ်းအမှတ်ပန်းခွေချသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးက စစ်တက္ကသိုလ်ပြတိုက်ရှိ ခန်းမ၌ စစ်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားရေးဆိုင်ရာများကို Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး Lt-General Danai Meechowevt တို့သည် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို အပြန်အလှန်လဲလှယ်ကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်ပြတိုက်နှင့် စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့် ကြည်းတပ်စစ်တက္ကသိုလ်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား AusAID နှင့် Asia Society မှ တာဝန်ရှိသူများတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Australian Agency for International Development(AusAID) မှ Alternate Chair of the Three Diseases Fund Donor Consortium, မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံးမှ First Secretary-Ms. Shaanti Sekhon သည် ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ Asia Society မှ ဒုတိယဥက္ကဋ္ဌ Mrs. Suzanne Di Maggio နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင်လည်းကောင်း အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။ (အောက်ပုံ)

AusAID အဖွဲ့နှင့် တွေ့ဆုံရာတွင် ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် တိုးမြှင့်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းအစီအစဉ်များဖြစ်သော မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေး စီမံချက်လုပ်ငန်းကိစ္စရပ်များ၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်တင်ရေးလုပ်ငန်းကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးလုပ်ငန်းကိစ္စရပ်များ၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိစ္စရပ်များနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

Asia Society အဖွဲ့နှင့်တွေ့ဆုံရာတွင် ကျန်းမာရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်မည့် အခြေအနေနှင့် အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးမှုများပိုမိုရရှိရေး လုပ်ငန်းကိစ္စရပ်များနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးမှုနှင့် မိခင်၊ မွေးကင်းစနှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ	၁၁-၁-၂၀၁၂	
ပင်လောင်း	၄	ဒီဂရီစင်တီဂရိတ်
ဟားခါး	၄	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅	ဒီဂရီစင်တီဂရိတ်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ အဆိုပါတက္ကသိုလ်၌ ကျင်းပခဲ့ရာ လူပုံတူ ပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၁၅၁ ကားကို ရေးဆွဲပြသခဲ့ကြပြီး စာတမ်းရှင် ဆရာ၊ ဆရာမများက စာတမ်း ခုနစ်စောင်ကို ဖတ်ကြားတင်သွင်းကြသည်။

ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် တက္ကသိုလ်ပင်မ အုပ်ချုပ်ရေးရုံး ရှေ့မြက်ခင်းပြင်၌ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အမှတ်တရသစ်ပင် (စိန်ပန်းပင်) စိုက်ပျိုးခြင်း၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကျင်းပခြင်း၊ တာဝန်ခံပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အနုပညာဌာနခွဲ (ဂီတ)နှင့် (သဘင်)တို့က ဖျော်ဖြေခြင်း၊ မီးပုံးပျံလွှတ်ခြင်းတို့ကို ကျင်းပခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီခရိုင် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ ဇန်နဝါရီ ၄ ရက်က (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင် ဖတ်ကြားစဉ်။ (၅၇၀)

ကြပ်မတ်စိစစ်သင့်သည့် ထီဆိုင်များ

(၂၇၇)ကြိမ်မြောက် ထီဖွင့်ပွဲကျင်းပမည့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ အောင်ဘာလေထီအထူးဆု ကျပ်သိန်း ၁၅၀၀ ကို ထည့်သွင်းဖွင့်လှစ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲမှ ကြေညာခဲ့သည်။

(၂၇၇)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ကျပ်သိန်း ၁၅၀၀ ဆု တစ်ဆုအပြင် ယခင် ဖွင့်လှစ်နေကျ သိန်း ၁၀၀၀ တစ်ဆု၊ သိန်း ၅၀၀ တစ်ဆု၊ သိန်း ၃၀၀ နှစ်ဆု၊ သိန်း ၂၀၀ လေးဆု၊ သိန်း ၁၀၀ မင်္ဂလာစုံတွဲ ယူနစ် ၁၅ ဆု အပါအဝင် ဆုပေါင်း ၁၆၁၉၃ ဆု ပါဝင်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ အထူးဆု ကျပ်သိန်း ၁၅၀၀ ကို တိုးမြှင့်သော်လည်း ထီလက်မှတ်တန်ဖိုး ပြောင်းလဲမည်မဟုတ်ဟု ဆိုသည်။

ယခင်သိန်း ၁၀၀၀ ဆု စတင်ဖွင့်စဉ် အပြင်ထီဆိုင်ကြီးများသည် အပို သိန်း ၅၀၀ ဆောင်းပေး၍ ထီလက်မှတ်များကို ဈေးတင်ရောင်းကြသည်။ ထီတစ်စောင်လျှင် ငွေကျပ် ၂၅၀ မှ ကျပ် ၃၅၀ ဝန်းကျင်အထိ ရောင်းချခဲ့ကြသည်။ ပြီးခဲ့သည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထီဆုကျပ် သိန်း ၅၀၀ အပိုဆုကို အပြင်ဆိုင်ကြီးများမှ ဆောင်းပေးခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိဟု တင်ပြခဲ့သည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည့် (၂၇၄)ကြိမ်မြောက်မှစ၍ ကျပ်သိန်း ၁၀၀၀ အထူးဆုပေါက်လျှင် အပိုဆု ကျပ်သိန်း ၅၀၀ မချီးမြှင့်တော့ဟု ကြေညာခဲ့သည်။ ထီလက်မှတ်ရောင်းဈေးကိုမူ ပြန်လည်လျှော့ချခြင်းမရှိပေ။ ယခု အထူးဆု ကျပ်သိန်း ၁၅၀၀ ဆုကြီး ထည့်သွင်းဖွင့်လှစ်မည်ဆို၍ ထီဝါသနာရှင်များ၊ အခြေခံလူတန်းစား ကံစမ်းချင်သူများ ဝမ်းသာအားရဖြစ်ခဲ့ကြသည်။ သို့သော် ထီဆိုင်ကြီးများမှ ထီလက်မှတ်ရောင်းဈေးမှာ အထူးမင်္ဂလာစုံတွဲ တစ်အုပ်လျှင် ငွေကျပ် ၇၈၀၀ မှ ၈၀၀၀ ထိလည်းကောင်း၊ ထီနှစ်စောင် ရှယ်ဆိုလျှင် ငွေကျပ် ၆၅၀၊ ထီသုံးစောင်လျှင် ငွေကျပ် ၁၀၀၀ နှင့် ထီငါးစောင်လျှင် ငွေကျပ် ၁၆၀၀ တို့ဖြင့် လည်းကောင်း စသည်ဖြင့် ဈေးတင်ရောင်းချနေကြသည်။

"အရင် အပိုဆုပေးတုန်းက ဈေးတင်ရောင်းတာ ကျွန်တော်တို့ လက်ခံပါတယ်။ အခုဟာက သူတို့လည်း အပိုဆုပေးရတာမဟုတ်ဘဲ နိုင်ငံတော်က ကျပ်သိန်း ၁၅၀၀ ဆု ပေးတာ၊ အစိုးရဈေးနှုန်းလည်း မတက်ဘဲနဲ့ ထီဆိုင်တွေက သက်သက်အခွင့်ကောင်းယူပြီး ထီဈေးတက်ရောင်းနေတာဗျာ၊ ဒါဟာ နိုင်ငံတော်ရဲ့ စေတနာကို သက်သက်စော်ကားတာပဲဗျ၊ သူတို့ကို သက်ဆိုင်ရာက ကြပ်မတ်အရေးယူဆောင်ရွက်သင့်တယ်ဗျာ" ဟု ထီဝါသနာရှင် တစ်ဦးက သူ၏အမြင်ကို ပြောပြသည်။ ယခုဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပြီး ဖြစ်သင့်သည့် သင့်လျော်သော ဈေးနှုန်းဖြင့် ထီဝါသနာရှင်များ ထီကံစမ်းခွင့် ရရှိနိုင်စေရန် ဆောင်ရွက်ပေးသင့်ပါကြောင်း. . . . .။

ကိုဇော် (ထီဝါသနာရှင်)

ဥတုရာသီ တောကိုမှီ၏

မြင်းမိုရ်ဦးသို့ဖူးမြင်ခြင်း ကဗျာများစာအုပ် ဒုတိယအကြိမ်ထုတ်ဝေ

ဤလောက၌ အမေ့မေတ္တာ အမေ့ကျေးဇူးသည် နှိုင်းဆိုဖွယ်ရာမရှိအောင် ကြီးမားလှ၏။ သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် ကျော်ဖြတ်ကူးသန်း ခရီးကြမ်းနှင်လာခဲ့စေကာမူ အမေ့အပြုံးကြောင့် နှလုံးအေးချမ်းလှ၏။ အမေကမ်းသည့် ရေချမ်းတစ်ခွက်ကြောင့် အမောပြေရ၏။ အမေ့အကြင်နာကြောင့် ဘဝင်မှာငြိမ်းချမ်းရ၏။ ဤကဲ့သို့ နှိုင်းဆိုတင်စားချီးကျူးစကား ဆို၍မကုန်နိုင်သော အမေ့ဂုဏ်ရည်ကို ဖွဲ့ဆိုသီကျူးသည့် မြင်းမိုရ်ဦးသို့ဖူးမြင်ခြင်း ကဗျာများစာအုပ်ကို ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မျိုးမြတ်မြတ်မြင့်မောင်တို့က ဖွဲ့ဆိုသီကုံးထားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ဤစာအုပ်ပါ ကဗျာများသည် အမေ့ဘဝ၊ အမေ့အလှနှင့် အမေ့ပုံရိပ်များကို ရိုးရိုးကလေးတွေး၍ ရိုးရိုးကလေးပင် ခြယ်မှုန်းဖွဲ့ဆိုထားသော ကဗျာများဖြစ်သည်။ ဖတ်ရှုသူတိုင်း အမေ့မေတ္တာ အမေ့ကျေးဇူးကို အထူးသိမြင်ဆင်ခြင်ခံစားနိုင်ခြင်း၊ အမေကို ပိုမိုချစ်မြတ်နိုးလာစေခြင်းတို့က ဤစာအုပ်၏ ထူးခြားချက်ပင်ဖြစ်သည်။

ပထမအကြိမ် ထုတ်ဝေစဉ်က မရရှိလိုက်ကြသူများအတွက် ဒုတိယအကြိမ်အဖြစ် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန် ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းကြေးအိုးနှင့် အလက(၁) ရန်ကင်းကြား ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

ထေရဝါဒဗုဒ္ဓသာသနာစာအုပ် ဖြန့်ချိ

အရှင်သံဝရာလင်္ကာရ (ဓမ္မပိယဆရာတော်)၏ ထေရဝါဒဗုဒ္ဓသာသနာစာအုပ်ကို ဒုတိယအကြိမ်မြောက်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဤစာအုပ်တွင် ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်တစ်ယောက်ဖြစ်ရေးအတွက် ဘာသာနှင့် သာသနာ၊ သာသနာနှင့် သာသနာပြု၊ သာသနာပြုနှင့် သာသနာဖျက်၊ ဒကာနှင့်သာသနာ၊ သာသနာတည်ပုံနှင့် သာသနာကွယ်ပုံ၊ သာသနာနှင့် သာသနာပွဲ၊ ပုဂ္ဂိုလ်နှင့် ဝိဇ္ဇာစသည့် ဓမ္မအတွေးအမြင် ဆောင်းပါးများ ပါဝင်ပါသည်။ အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ဓမ္မရိပ်မဂ္ဂဇင်းထွက်ရှိ

ပီပြင်ခိုင်မာသည့် ကဏ္ဍများအလိုက် အပြင်အဆင်၊ စာမူအင်အား၊ ဘာတစ်ခုမျှ မလျော့ဘဲ နှစ်သစ်မှာ ဆက်လက်ထွက်လာသည်ကို တွေ့ရပြီး အောင်သင်း၏ "သာသနာပြုမူကြို(၆)"၊ ခင်မျိုးချစ်၏ "ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ခရီးကြမ်း(၄)"၊ မြဝင်း(ဒဿန)၏ "ဆရာတော်ကြီး(၉)ပါး ဘုရားရှိခိုး"၊ ဝဏ္ဏသိရီ၏ "ချိုမိုင်မိုင်၏ ဘဝတဏှာ"၊ ဒေါက်တာခင်မောင်ဝင်း၏ "လူတိုင်းအတွက် ဝိပဿနာ"၊ အရှင်စန္ဒဝံသာဘိဝံသ၏ "ဘဝနှင့်နိဗ္ဗာန်"၊ မောင်ဇေယျာ၏ "ကမ္ဘာ့ဗုဒ္ဓသာသနာပြုမြောင်းမြပဋ္ဌာနတာရုံ ရှင်ဉာဏိက"၊ ဝင်းသိန်းဦး၏ "ပြဒါးရှင်လား ဝိဇ္ဇာလား"၊ အယ်ဒီတာတစ်ဦး၏ "မဖြိုမခရီးစဉ် ခါတ်ပုံ ဖူးသွားခြင်းအင်တာဗျူး"အပါအဝင် ကလောင်ရှင် ၃၀ ကျော်တို့ လက်ရာစုံတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ရှင်မလေး ဒေါ်မြနန်းနွယ်စာအုပ်ထွက်ရှိ

မြေလတ်မြတ်သူ ရေးသားသည့် အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ရှင်မလေး ဒေါ်မြနန်းနွယ်စာအုပ် ထွက်ရှိလာသည်။ ဆရာကြီး ပီမိုးနင်း စာကြည့်တိုက်နှင့် ပေ ၂၀၀ ခန့်အကွာ အနောက်မြောက်အရပ်လောက်တွင် ဒေါ်အယ်နီ'မြနန်းနွယ်'၏ ကောင်းမှုတော် 'မြအောင်စေတီ' တင်ပြလိုခြင်း၊ ခရစ်နှစ် ၁၉၅၃ ခုနှစ် ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား ပြန်လည်တည်ဆောက်ခြင်း၊ ဒေါ်အယ်နီသည် ၁၉၄၉ ခုနှစ်တွင် အိန္ဒိယမှ ပြန်လာပြီး မိမိ၏မိသားစုနှင့်အတူ မိသားစုအထိုင်ချရေး စီးပွားရေးလုပ်ငန်းများကို ပြန်လည်စီစဉ်လျက်ရှိသော်လည်း ယခင်က အဆက်ရှိခဲ့သော ဒေါ်မြနန်းနွယ်၏ အိပ်မက်ပေးစေခိုင်းမှုလုပ်ငန်းများက မပြတ်ရှိခဲ့ခြင်း၊ ဤအိပ်မက်ထဲမှ ဒေါ်မြနန်းနွယ်အား အကြိမ်ကြိမ်မြင်မက်ရခြင်းတို့ကို တင်ပြထားသည်။

စာအုပ်ကို မဖြိုမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း(အပေါ်ဘလောက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ မှ ဖြန့်ချိသည်။

○ **ရှေ့ဖုံးမှ**

အခမ်းအနားတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြရန် စီစဉ်ထားကြောင်း၊ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား၊ ညစာစားပွဲအခမ်းအနား၊ ညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသားယဉ်ကျေးမှု အကပဒေသာဖြင့် ဖျော်ဖြေရေးကိစ္စများကို ဖွဲ့စည်းထားသော ဆပ်ကော်မတီများက စနစ်တကျ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်နှင့် သဝဏ်လွှာကိုလည်း ယနေ့ဒီမိုကရေစီစနစ် ကျင့်သုံးသော ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေမှုရှိသည့် အသုံးအနှုန်းများဖြင့် ရေးသားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီဝင် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက သတင်းထုတ်ပြန်ရေး၊ ညစာစားပွဲတွင် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်မှု၊ အမျိုးသားရေး ဦးတည်ချက်နှင့် သဝဏ်လွှာများ ရေးသားပြုစုရာတွင် ပါဝင်သင့်သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အထွေထွေအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူ ပူအမျှနေထိုင်ခဲ့ကြကြောင်း၊ ယခုနှစ်ကျင်းပမည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဦးတည်ချက်အနှစ်သာရပြည့်ဝအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေစိုက်ပိုစတာကိုလည်း ပြည်သူများကို ပိုမိုဆွဲဆောင်မှုရှိရန် ရေးဆွဲကြရန်၊ တချို့နေရာများတွင် LED BOARD ဖြင့် စိုက်ထူသွားကြရန်လိုကြောင်း၊ အခမ်းအနားတွင် လုံခြုံရေးအပိုင်း မလစ်ဟင်းစေရအောင် အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်းနှင့် ဤအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးက ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြောင်းလဲဖော်ဆောင်ကျင့်သုံးနေမှုကိုလည်း ယုံကြည်ပါကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ထိုင်းနိုင်ငံနေရာအများအပြား၌ ရေကြီးမှုများ ကြုံတွေ့ခဲ့ရစဉ်က သောက်ရေ၊ ဆေးဝါး၊ စားသောက်ဖွယ်ရာများ အမြန်ပေးပို့ကူညီခဲ့မှုအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော စီမံကိန်းများကိုလည်း အမြန်ဖြစ်မြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံပြည်သူများနှင့် တပ်မတော်များ အပြန်အလှန်ရင်းနှီးကူညီနေကြ၍ အထူးဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Tanasak Patimapragorn နှင့် ထိုင်းတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၁၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တာဝန်ခံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် ဇန်နဝါရီ ၉ ရက်နံနက်ပိုင်းတွင် မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည့် မြောင်းမြမြို့ပေါ်ရပ်ကွက်များဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပံ့ပိုးအကူအညီပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြောင်းမြမြို့ပေါ် ၁၆ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက မြောင်းမြမြို့ပေါ် ရပ်ကွက်များဖွံ့ဖြိုးရေးအတွက် ပံ့ပိုးအကူအညီ ငွေကျပ် ၉၂၃ သိန်းကို မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း မြောင်းမြမြို့ပေါ် ရပ်ကွက်များဖွံ့ဖြိုးရေးအတွက် ပံ့ပိုးအကူအညီအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကို တနင်္သာရီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်၌ ထူးချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

တနင်္သာရီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီတွင် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဆွေနှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးထွန်းရီတို့က စုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြပွဲများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကာ မာလ်တီမီဒီယာခန်းနှင့် ကွန်ပျူတာခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ကြားလေ့လာနေမှုနှင့် စွမ်းရည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ ထူးချွန်ဆုရ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူလေးများက ဘက်စုံပညာရည်တို့လှမ်းချီ သီချင်းဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်ဦးလွင်-မိုးကုတ်လမ်း အရည်အသွေးတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၈ ရက်တွင် ပြင်ဦးလွင်-မိုးကုတ်လမ်း အခြေအနေများနှင့် မိုင်တိုင်အမှတ် (၆၈/၅)အနီး၌ လဲကြီးတံတား တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၂၈/၄)အနီးရှိ သစ်သားတံတားကြံ့ခိုင်မှု၊ မိုင်တိုင်အမှတ်(၁၆/၀)အနီးရှိ တံတားတည်ဆောက်ရန် လျာထားသည့်နေရာနှင့် ပြင်ဦးလွင်မြို့အဝင် လမ်းဆုံ၌ လမ်းဆုံကျွန်းတည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လမ်းအရည်အသွေးတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့နယ်စည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ ဘုရင့်နောင် စံပြငါးဈေးသစ်၌ ဈေးအဝင်လမ်းအား ကွန်ကရစ်လမ်းချောခင်းနေမှု၊ ယာဉ်ရပ်နားရန်နေရာနှင့် ရေစီးရေလာကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်း ဦးမြရပ်ကွက်ရှိ မြတ်သူရိန်လမ်းအား ကွန်ကရစ်လမ်းချောခင်းနေမှု၊ ချောင်ဝိုင်းကြီးလမ်း မြေအောက်ရေနုတ်မြောင်း တည်ဆောက်နေမှု၊ မြေနေရာချထားပေးမှုနှင့် ရေဂါလန် ငါးသန်းကျော်ဆံ့သည့် သောက်သုံးရေကန် တူးဖော်ပေးမည့် မြေနေရာ၊ ဗိုလ်တထောင်မြို့နယ် (၅၄)လမ်းနှင့် ကုန်သည်လမ်းထောင့်၌ မိလ္လာတွန်းစက် အမှတ်(၂၆)အား အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းနေမှုနှင့် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား(၃၈)လမ်း၌ အချင်းခြောက်လက်မရှိ မြေအောက် Cast Iron ပိုက်များ တူးဖော်ဆေးကြောသန့်စင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၂/၂၀၁၂)ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာ-စင်ကာပူ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် ဖွင့်လှစ်သော မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၂/၂၀၁၂)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် စင်ကာပူသမ္မတနိုင်ငံ Civil Defence Force မှ Major. Ow Yong Tuck Wah တို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းကို စင်ကာပူသမ္မတနိုင်ငံ Civil Defence Academy နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၌ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်နှင့် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်စေရန်နှင့် ခေတ်မီအသက်ကယ်ဆယ်ရေးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်ကာ ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းထားရှိသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ မီးသတ်တပ်ဖွဲ့ဝင်အရာရှိ သင်တန်းသား ၁၀၀ တို့အား လေ့ကျင့်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တုရင်အားကစားနည်း အောင်မြင်မှုရရှိရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အတွင်းရေးမှူးနှင့် အာဆီယံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. IGNATIUS LEONG နှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စစ်တုရင်အားကစားနည်း အောင်မြင်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်သော ပံ့ပိုးမှုများ ကူညီရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
စာရင်းကိုင်(၃) ရာထူးအတွက် ရေးဖြေစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ခေါ်ယူထားသည့် စာရင်းကိုင်(၃) ရာထူး (လစာနှုန်းကျပ် ၅၃၀၀၀-၁၀၀၀-၅၈၀၀၀) အတွက် ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ရေးဖြေစာမေးပွဲတွင် စာရင်းကိုင်ပညာနှင့်အထွေထွေဗဟုသုတ ၃ နာရီ မေးခွန်းလွှာကို ရေးဖြေ ဖြေဆိုရမည်ဖြစ်သည်။

ဖြေဆိုခွင့်ရရှိသူများသည် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်သတင်းပို့၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် ဖြေဆိုခွင့်ကတ် ထုတ်ယူရမည်ဖြစ်သည်။

ဖြေဆိုခွင့်ကတ် ထုတ်ယူသူများကိုသာ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ရေးဖြေ အောင်မြင်သူကိုသာ လူတွေ့ထပ်မံစစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်သည်။ (လူတွေ့စစ်ဆေးမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ရေးဖြေစာမေးပွဲ ဖြေဆိုခွင့် ရ၊ မရနှင့် အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်) ဖုန်း-၀၁-၂၀၀၈၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

SUMITOMO GOLF CLASSIC
ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Aung Hein Min Co., Ltd. နှင့် Sumitomo Heavy Machine က အဓိက ကူညီပံ့ပိုးသော SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ Mr. Kazuhiko Sasaki (President Director of Indonesia Sumitomo Factory)၊ Aung Hein Min Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးချစ်စံ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးတင့်ဦးနှင့် ဦးမင်းသိန်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး Professional Golfers ပြိုင်ပွဲတွင် လှမျိုး (A.P.P.O) က ရိုက်ချက် ၆၇ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ကျော်စွာလင်းက ရိုက်ချက် ၇၀ ဖြင့် ဒုတိယ၊ ဇော်ဇော်လတ် (Srixon) နှင့် သိန်းဇော်မြင့် (KM Golf Centre) တို့က ရိုက်ချက် ၇၂ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် မျိုးဝင်းအောင်က ရိုက်ချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ရဲထက်အောင်က ရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယလိုက်နေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ညနေပိုင်း ပထမပွဲစဉ်တွင် စွမ်းအင်ဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲ- တစ်ပွဲဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဇန်နဝါရီ ၁၂ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ စက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးသင့် အိမ်ထောင်စုများအား
ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်အိမ်ထောင်စု ၃၃၈ စုအတွက် ယနေ့တွင် အိမ်ထောင်စုတစ်စုလျှင် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ၂၆ မျိုးကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ဇန်နဝါရီအပြောင်းအရွှေ့မှ

၄။ ဂျက်ခ်ရှော့ဝဲလ်
(၂၀ နှစ်၊ ကွင်းလယ်ကစားသမား)

အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်စ်သည် ကစားသမားသစ်ထပ်မံဝယ်ယူရန်အတွက် ရှော့ဝဲလ်ကို ရောင်းထုတ်လိုနေသည်။ ယခုအပြောင်းအရွှေ့ ကာလအတွင်း အခြား အသင်းတစ်သင်းသင်းက မက်လောက်စရာ ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာပါက ချက်ချင်းအကောင်အထည်ဖော်ရန် အဲဗာတန်အသင်းက ပြင်ဆင်ထားသည်။

၅။ ဂယ်ရီကာဟေးလ်
(၂၆ နှစ်၊ ဗဟိုနောက်ခံလူ)

ဘော်လ်တန်အသင်း၏ ဗဟိုနောက်ခံလူ ဂယ်ရီကာဟေးလ်သည် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းနှင့် စာချုပ်သက်တမ်းပြီးဆုံးတော့မည်ဖြစ်၍ ၎င်းအားရောင်းထုတ်ရန် ဘော်လ်တန်အသင်းက ပြင်ဆင်နေသည်။ ၎င်းကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းက ကမ်းလှမ်းထားပြီး အခြားထိပ်တန်းအသင်းကြီးများကလည်း ၎င်းအား စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။

၆။ ခရစ်ဆမ်ဘာ
(၂၇ နှစ်၊ ဗဟိုနောက်ခံလူ)

အသင်းတွင် မပျော်ရွှင်တော့သည့် ဘလက်ဘန်းဗဟိုနောက်ခံလူ ခရစ်ဆမ်ဘာသည် ယခုအခါ အသင်းပြောင်းရန် ပြင်ဆင်လာသည်။ ဘလက်ဘန်းအသင်းကလည်း ပြောင်းရွှေ့ကြေး ထိုက်ထိုက်တန်တန်ရရှိမည်ဆိုပါက ၎င်းကိုရောင်းထုတ်ရန် ဝန်လေးနေမည်မဟုတ်ပေ။

၇။ ဂျူနီယာဟွိုင်းလတ်
(၂၁ နှစ်၊ တောင်ပံကစားသမား)

ဘလက်ဘန်းအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ခဲ့သည့် ဟွိုင်းလတ်သည် အသင်းနှင့်ချုပ်ဆိုထားသည့် စာချုပ်ကုန်ဆုံးတော့မည်ဖြစ်၍ ရန်ပုံငွေဖြည့်တင်းလိုနေသည့် ဘလက်ဘန်းအသင်းသည် ၎င်း၏ပြောင်းရွှေ့ကြေးမှ ရရှိမည့်အမြတ်အစွန်းအများအပြားကို အရယူဖို့ရှိနေသည်။

၈။ ဖလော်ရင့်မာလူဒါ
(၃၁ နှစ်၊ တောင်ပံကစားသမား)

ချယ်လ်ဆီးအသင်းသို့ ဂျူးအန်မာတာ ရောက်ရှိလာပြီး နောက်ပိုင်းပွဲထွက်ခွင့် ပျောက်ဆုံးနေသည့် မာလူဒါသည် အသင်းပြောင်းရန် ပြင်ဆင်နေသည်။ ၎င်းအား ပြင်သစ်ကလပ်ပီအက်စ်ဂျီ အသင်းနှင့် ပရီမီယာလိဂ်ပြိုင်ဘက် အာဆင်နယ်အသင်းတို့က ခေါ်ယူလိုနေသည်။

၉။ သောမက်ကုဇ်ဇက်
(၂၉ နှစ်၊ ဂိုးသမား)

ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂိုးသမား ကုဇ်ဇက်သည် အသင်းပြောင်းရန် ပြင်ဆင်နေသည်။ ***အင်တာနက်။***

ဘော်လ်တန်နှင့် စာချုပ်သက်တမ်း ပြီးဆုံးတော့မည့် ကာဟေးလ်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ ကိုရီးယားထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်သွင်ထူးအောင် တတိယနှစ်(ဂီတ)၊ မောင်ဝေယံထွန်းဝင်း ဒုတိယနှစ်(ဂုဏ်ထူးတန်း)(ပန်းပု)၊ မခိုင်ဝတ်ရည် ပထမနှစ်(ဂုဏ်ထူးတန်း)(ဂီတ)နှင့် မသဲအေးအေးနွယ် ပထမနှစ်(ဂုဏ်ထူးတန်း)(သဘင်)တို့သည် ကိုရီးယားသမ္မတနိုင်ငံ ဒေဂူးမြို့၌ ဇန်နဝါရီ ၁၁ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ Asian Cross-Cultural Exploration Programme 2012 (ACCE) တွေ့ဆုံပွဲသို့ တက်ရောက်ရန် ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့် ဌာနမှူး၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အာဆီယံ-ကိုရီးယားလူငယ်များ၏ အာရှယဉ်ကျေးမှုဖော်ထုတ်လေ့လာရေးအစီအစဉ်ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ၂၀၁၁ ခုနှစ်တွင် သုံးဦး၊ ယခုနှစ်တွင် လေးဦး ပါဝင်တက်ရောက်နိုင်ခဲ့ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနေဖြင့် ၂၀၁၁ ခုနှစ်တွင် ပြည်ပနိုင်ငံများသို့ ခြောက်ဦး၊ ၂၀၁၂ ခုနှစ်တွင် လေးဦး အပါအဝင် ယနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့အား စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အေ ဝမ်း စိုး

ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတွင် ဖျော်ဖြေပွဲကျင်းပဦးမည့် Girls' Generation

ကိုရီးယားနာမည်ကျော် အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ Girls' Generation သည် အာရှဖျော်ဖြေရေးခရီးစဉ်အဖြစ် လာမည့်သီတင်းပတ်တွင် ဟောင်ကောင်နှင့်နောက်လတွင် ထိုင်းနိုင်ငံတို့၌ ဖျော်ဖြေပွဲများကျင်းပသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

SM ဖျော်ဖြေရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက Girls' Generation တေးဂီတအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်တွင် ဟောင်ကောင်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ထိုင်းနိုင်ငံ၌ လည်းကောင်း ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အဆိုပါ တေးဂီတအဖွဲ့သည် ယမန်နှစ်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ အိုလံပစ်အားကစားကွင်း၌ ကျင်းပခဲ့သော ဂီတဖျော်ဖြေပွဲ၊ စင်ကာပူနှင့် တရုတ်(တိုင်ပေ)တွင် ကျင်းပခဲ့သော ဂီတဖျော်ဖြေပွဲများမှာ အောင်မြင်မှုရရှိခဲ့သည်။ ယင်းအဖွဲ့သည် အာရှနိုင်ငံများ၌သာမက အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင်လည်း ဂီတဖျော်ဖြေပွဲများ ကျင်းပနိုင်ခဲ့သည်။

၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော Girls' Generation အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တေယောင်၊ တင်ဖနီ၊ ယိုယောင်၊ ဆန်နီ၊ ဂျက်ဆီကာ၊ ဆိုဟန်၊ ယိုးန၊ ယူရီနှင့် ဆိုယောင်းတို့ဖြစ်ပြီး အဖွဲ့ဝင်ကိုးဦးပါဝင်သည်။ ယင်းအဖွဲ့သည် ယခုအခါ ကိုရီးယားတွင်သာမက အာရှတစ်လွှားတွင်ပါ နာမည်ကျော်လူကြိုက်များသော အမျိုးသမီး တေးဂီတအဖွဲ့အဖြစ် ရပ်တည်လျက်ရှိသည်။ ***အင်တာနက်။***

အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ Girls' Generation

တင်းနစ်နည်းပြသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ တင်းနစ်နည်းပြသင်တန်းကို ဖေဖော်ဝါရီ ၇ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်ကြမည့် အသက်(၁၈)နှစ်မှ (၃၀)အတွင်းရှိ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများသည် ဖေဖော်ဝါရီ ၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလမ်း တင်းနစ်ကွင်း) သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၁၉၉၀၊ ၃၈၁၉၉၂ လိုင်းခွဲ-၁၊ ၀၁-၃၇၂၃၆၀ နှင့် ၀၉-၇၃၁၂၂၄၄၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အဆိုပါ တင်းနစ်နည်းပြသင်တန်းကို Mr. Robert Davis (မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်-နည်းပြချုပ်) က စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အောင်မြင်မှုများရရှိနေ

ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး၊ အမြန်လမ်းမနှင့် ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းများ အမြန်ပြီးစီးရန် ကူညီဆောင်ရွက်စေလို

တွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့ ထိုင်းနိုင်ငံအစိုးရ အိမ်တော်၌ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်အား ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းနိုင်ငံအစိုးရအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် ပြင်းထန်သောနာဂစ်မုန်တိုင်း ကျရောက်ခံစားရစဉ်နှင့် ၂၀၁၁ ခုနှစ်တွင် တာချီလိတ်နှင့် တာလေဒေသတို့၌ ငလျင်ဒဏ်ခံခဲ့ရစဉ်က ထိုင်းနိုင်ငံ ပြည်သူများနှင့် တပ်မတော်တို့၏ အကူအညီပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အောင်မြင်မှုများ ရရှိနေပြီး ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးရန်သာ ကျန်ရှိပါကြောင်း၊ နှစ်နိုင်ငံနယ်စပ် ဒေသများ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး လုပ်ငန်းများ၊ အမြန်လမ်းမဖောက်လုပ်ရေးလုပ်ငန်းများနှင့် ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းများကို အမြန်ပြီးစီးရန် ကူညီဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအတွင်း နယ်စပ် ဒေသများတွင် စက်မှုဇုန်များဖော်ထုတ်ရန် စီစဉ်လျက်ရှိရာ ထိုင်းနိုင်ငံမှ စက်ရုံ၊ အလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံဖွင့်လှစ်စေရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အစိုးရသစ်အနေဖြင့် ပြေလျှော့မှုများစွာဖြင့် ဒီမိုကရေစီစနစ် အောင်မြင်အောင် ဖော်ဆောင်လျက်ရှိပါကြောင်း၊ နောက်ကြောင်းပြန်လှည့်ရန်မရှိပါ ကြောင်း၊ ထို့အပြင် နယ်စပ်ဒေသ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြား သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှစ်နိုင်ငံနယ်စပ်တံတားကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့် အတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား **စာမျက်နှာ ၉ ကော်လံ ၃ သို့** ☆

ယနေ့သတင်းအညွှန်း

လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များ ရှင်းလင်း

ပြည်တွင်းသတင်း စာမျက်နှာ - ၉

စမ်းသပ်လုပ်ကိုင်ခွင့်ရ ကိုယ်ပိုင်ကျောင်း မန္တလေးတိုင်းဒေသကြီး၌ ကိုးကျောင်းဖွင့်မည်

ပြည်တွင်းသတင်း စာမျက်နှာ - ၅

ဆင်ဆာလက်မှတ်အသေး ကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန် သတိပေးချက်

ပြည်တွင်းသတင်း စာမျက်နှာ - ၃

ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀

ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်းပြောင်းနိုင်ဖွယ်ရှိနေသည့် ပရီမီယာလိဂ်ကစားသမားအချို့

အာဆင်နယ် တိုက်စစ်မှူး မော်ရှိနီချာမက်စ်။

လန်ဒန် ဇန်နဝါရီ ၁၁

၁။ ကာလို့စ်တီဗက်ဇ်(၂၇ နှစ်၊ တိုက်စစ်မှူး)

နည်းပြမန်စီနီနှင့် မကျေမလည် ဖြစ်နေရသည့် မန်စီးတီးတိုက်စစ်မှူး ကာလို့စ်တီဗက်ဇ် ယခုဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်းမှထွက်ခွာရန် ပြင်ဆင်နေ သည်။ ယင်းအပြင် မန်စီးတီး အသင်းကလည်း ၎င်းကို ယခု အပြောင်းအရွှေ့ကာလအတွင်း အပြီးအပြတ် ရောင်းထုတ်လိုနေ သည်။ ၎င်းအား ကနဦးက အေစီ မီလန်အသင်းက အငှားစာချုပ်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း မအောင် မြင်ခဲ့ပေ။ ယခုတစ်ဖန် အင်တာ မီလန်အသင်းက ၎င်းအား ပေါင် ၂၂ သန်းဝန်းကျင်ခန့်ဖြင့် အပြီး အပြတ် ဝယ်ယူရန် စတင်ဆွေးနွေး နေပြီဖြစ်သည်။

၂။ ဝိန်းဘရစ်ချ်(၃၁ နှစ်၊ ဘယ်နောက်ခံလူ)

နည်းပြမန်စီနီ၏ ရေရှည်စီမံကိန်း တွင် ပါဝင်ဖွယ်မရှိသည့် မန်စီးတီး အသင်း၏ဘယ်နောက်ခံလူ ဝိန်း ဘရစ်ချ်မှာ ၎င်း၏အနာဂတ်သစ်ကို ပုံဖော်နိုင်ရန်အတွက် မန်စီးတီးမှ ထွက်ခွာရန် သေချာလုနီးပါးဖြစ်နေ သည်။ ယခုလက်ရှိအချိန်တွင် ခံစစ်ပြဿနာကို ရင်ဆိုင်နေရသည့် အာဆင်နယ် အသင်းသည် ၎င်းကို ခေါ်ယူရန် ပြင်ဆင်နေသည်။

၃။ မော်ရှိနီချာမက်စ်(၂၇ နှစ်၊ တိုက်စစ်မှူး)

အာဆင်နယ်အသင်းတွင် ပုံမှန် ပွဲထွက်ခွင့်တစ်နေရာရရန် ရုန်းကန် နေရသည့် တိုက်စစ်မှူး ချာမက်စ် သည် အရန်ခုံတွင် ထိုင်နေရသည် ကို မပျော်ပိုက်တော့ဘဲ အာဆင်နယ် ကို စွန့်ခွာရန်ရှိနေသည်။ အာဆင် နယ်တိုက်စစ်တွင် တိုက်စစ်မှူး ဗန်ပါစီ အကောင်းဆုံးခြေစွမ်းပြ နေသလို ယခုထပ်မံ၍ ဟင်နရီပါ အငှားစာချုပ်ဖြင့် ရောက်ရှိလာခြင်း ကြောင့် ၎င်း၏ အနာဂတ်ကို ဆုံးဖြတ်ရန် သေချာနေသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍

ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ ဗုံးပေါက်ကွဲမှု၌ ဗုံးယူဆောင်လာသည့် KNU အဖွဲ့မှဟု ယူဆရသူတစ်ဦးအပါအဝင် နှစ်ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရရှိ

ဒဏ်ရာရလူနာများအား သံဖြူဇရပ်ဆေးရုံနှင့် မော်လမြိုင်ဆေးရုံတို့သို့ပို့ဆောင်၍ ဂရုတစိုက် ကုသပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ ဘုရားပွဲ၌ ဇန်နဝါရီ ၇ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုနှင့် ပတ်သက်၍ ကနဦးရရှိသောသတင်းအား ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထပ်မံရရှိသောသတင်းဆက်များအရ အဆိုပါ အနန်းကွင်းကျေးရွာ ဘုရားပွဲတော်၌ စိုးကိုကို၊ ဝင်းကိုကို ဇာတ်ပွဲကပြမည့် ဇာတ်ရုံအနီး ပွဲခင်း ဈေးတန်းတွင် ဇန်နဝါရီ ၇ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က KNU အဖွဲ့မှဟု ယူဆရသော လူတစ်ဦးက ဈေးဝယ်ရန်လွယ်အိတ်ထဲသို့ ပိုက်ဆံ နှိုက်ယူရာမှ ဗုံးတစ်လုံးပြုတ်ကျ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးယူဆောင် လာသူမှာလည်း ပေါက်ကွဲမှုကြောင့် မျက်နှာနှင့် ခန္ဓာကိုယ်တို့တွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကြောင်း၊ ထို့အပြင် အနန်းကွင်းကျေးရွာမှ ပွဲဈေးရောင်းနေသူ မချိုချိုမြင့် ဗုံးစထိမှန်သေဆုံးပြီး အနန်းကွင်း ကျေးရွာနေ မနုနုခိုင်(၂၀)နှစ်၊ မစန်းငွေ(၃၁)နှစ်၊ မောင်ကျော်ကလဲ့နော် (၁၂)နှစ်၊ မောင်ကျော်ကလဲ့ချေ(၁၀)နှစ်၊ မောင်မျိုးဝင်း(၂၂)နှစ်၊ မစန်းစန်းထွေး (၃၅)နှစ်၊ တည်ကျေးရွာနေ နော်ဖော်တီးချေ (၁၈)နှစ်၊ နော်ဖော်လအဲ့ (၁၂)နှစ်၊ နော်သုလုဝါး(၁၇)နှစ်၊ ကျောက်ဘီလူးကျေးရွာနေ နော်ဖော်ပလဲ့ (၁၉)နှစ်နှင့် သံပုရာကျေးရွာနေ နော်မူယယ်စဲ(၁၄)နှစ်တို့ ၁၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် သံဖြူဇရပ် ဆေးရုံ၌ ငါးဦး၊ မော်လမြိုင်ဆေးရုံ၌ ခြောက်ဦး တက်ရောက်ကုသလျက် ရှိကြောင်း သိရှိရသည်။

ဗုံးယူဆောင်လာသူမှာ KNU အဖွဲ့မှဟု ယူဆရကြောင်း၊ ၎င်းမှာ ဗုံးပေါက်ကွဲမှုကြောင့် မျက်နှာပွင့်ထွက် ဒဏ်ရာများရရှိပြီး သေဆုံးသွား သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က အသေးစိတ်ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူတို့က ဆေးရုံနှင့်ညှိနှိုင်း၍ လိုအပ်သည်များ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့နံနက် ၀၁နာရီ ၁၁မိနစ် ၁၀ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် ၁၀၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှား နိုင်ငံ ဆူမားတြားကျွန်း)ကို ဗဟို ပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အား ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိ ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)